ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ အင်္ဂါနေ့ (8-4-2014) (၇၇၀၉)

မှတ်သားဖွယ်ရာမိုးရေချိန်များ
(၇-၄-၂၀၁၄)
မိတ္ထီလာ
၁ ဒသမ ၀၆ လက်မ
နေပြည်တော်(တပ်ကုန်း)
၁ ဒသမ ၀၂လက်မ
ရမည်းသင်း
သုည ဒသမ ၉၄ လက်မ
မြောက်ဦး
သုည ဒသမ ၉၁ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရာဇီးသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ အောင်ဆီးဒက်စ် ဂက်စတုန်း ရို့စတန်း ပရာတေ့စ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။**(ဓာတ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင် တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

အိမ်ထောင်စု ရှစ်သန်းကျော် သန်းခေါင်စာရင်းကောက်ယူပြီးဖြစ်

နေပြည်တော် ဧပြီ ၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြေပြင် စာရင်းကောက်ယူခြင်းကို မတ် ၃၀ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ခဲ့ရာ ဧပြီ ၅ ရက်အထိ အိမ်ထောင်စု စုစုပေါင်း ၈၀၆၈၀၈၉ စုကို ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

ထိုသို့ ကောက်ယူပြီးစီးခဲ့မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၁၈၀၆၀၂ စု၊ ကယားပြည်နယ်တွင် ၃၈၅၆၄ စု၊ ကရင်ပြည်နယ်တွင် ၂၂၃၅၈၈ စု၊ ချင်းပြည်နယ်တွင် ၅၉၉၃၆ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈၅၇၈၇၈ စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၁၄၆၄၁ စု၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) တွင် ၅၀၄၅၂၁ စု၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ၃၉၉၂၇၈ စု၊ မကွေး တိုင်းဒေသကြီးတွင် ၆၆၉၅၉၆ စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၈၇၉၇၅ စု၊ မွန်ပြည်နယ်တွင် ၃၂၁၁၆၀ စု၊ ရခိုင်ပြည်နယ်တွင် ၃၅၄၉၄၄ စု၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ၁၂၄၈၇၃၇ စု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၈၆၆၁၉ စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၃၈၀၀၉၄ စု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၇၉၈၉၉ စု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၀၆၅၀၀၆ စုနှင့် နေပြည်တော် ကောင်စီနယ်မြေတွင် ၁၉၅၀၅၁ စုတို့ဖြစ်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော သီလဝါဆိပ်ကမ်း ဆိုက်ရောက်

ရန်ကုန် ဧပြီ ၇ - အမေရိကန်နိုင်ငံအခြေစိုက် Oceania Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Nautica သည် ယနေ့ နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။

ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် ရောက်ရှိလာသော အဆိုပါသင်္ဘောကြီးပေါ်တွင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၆၂၈ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၀၀ ခန့် လိုက်ပါလာသည်။ ကမ္ဘာလှည့်ခရီးသည်များသည် မန္တလေး၊ ပုဂံနှင့် ရန်ကုန်မြို့ဝန်းကျင်သို့ သွားရောက်လည်ပတ်ကြမည်ဟု သိရသည်။

“ဒီတစ်ခေါက် သင်္ဘောကြီးပေါ်မှာ လိုက်ပါလာတဲ့ ဝန်ထမ်းတွေထဲမှာ မြန်မာအမျိုးသား အမျိုးသမီးဟိုတယ်ဝန်ထမ်း ၁၂ ဦးပါပါတယ်။ ဒါဟာ နိုင်ငံအတွက် ထူးခြားဖြစ်စဉ်ဖြစ်တဲ့အပြင် အပျော်စီးသင်္ဘောကြီးပေါ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ မြန်မာဟိုတယ်ဝန်ထမ်းများအတွက် အားတက်ဖွယ်ရာဖြစ်ပါတယ်” ဟု သင်္ဘောခရီးစဉ်ကို စီစဉ်သည့်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုရောက်ရှိလာသော M.V Nautica သင်္ဘောကြီးသည် ၂၀၁၄ ခုနှစ် ပထမလေးလတာကာလ ခရီးသွားရာသီချိန်တွင် ၁၂ စင်းမြောက်ရောက်ရှိ လာခြင်း ဖြစ်သည်။

(ခင်ချိုဝင်း)

ကြေးမုံစာတည်းရှုထောင့် ၈-၄-၂၀၁၄၊ အင်္ဂါနေ့

ရွှေအမှိုက်များ

နည်းပညာ၏စွမ်းပကားကြောင့် အမှိုက်မှ ရွှေဖြစ်တော့မည်။ ရွှေကဲ့သို့ တန်ဖိုးရှိသော လျှပ်စစ်ဓာတ်အားကို အမှိုက်မှ ထုတ်ယူနိုင်တော့မည်။ "အမှိုက်ကစ ပြာသာဒ်မီးလောင်"ဆိုစကားရှိသည်။ အသေးအမွှားတန်ဖိုးအားဖြင့် လုံးဝမရှိသည့်အရာမှ အစပြုကာ လူ့အထွတ်အမြတ်ထားရာ ပြာသာဒ်ဆောင်ထိ ပျက်စီးဆုံးရှုံးစေနိုင်ကြောင်း ရှေးလူကြီးသူမများက အမှိုက်နှင့် ဥပမာပေးကာ နောင်းလူများသို့ သတိပေးထားခဲ့ခြင်းဖြစ်သည်။ ပျားရည်တစ်စက်ကြောင့် မိတ္ထီလာပြည်ကြီးပျက်စီးခဲ့ရခြင်း ဥပမာကဲ့သို့ ဖြစ်သည်။

ယခု "အမှိုက်ကစ ပြာသာဒ်မီးလင်း"တော့မည်။ ရှေးလူကြီးများ နိမိတ်စကား အကောင်းဘက်သို့ ဦးတည်သွားသလား။ ယခုအခါ မဟာရန်ကုန်မှ စုပြုံထွက်ရှိသော အမှိုက်တန်ချိန် ၆၀၀ ခန့်ကို အသုံးပြုကာ နည်းပညာပေါင်းစပ်အားဖြင့် လျှပ်စစ်ဓာတ်အား ၁၅ ဒသမ ၄ မဂ္ဂါဝပ်ထုတ်ယူတော့မည်ဟုသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထားဝယ်ချောင် အမှိုက်ပုံနေရာတွင် စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် စက်ရုံတည်ဆောက်မှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Zeya & Associates ကုမ္ပဏီတို့အကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ကြပြီဟု သိရသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်း တစ်နည်းလူဦးရေ ခြောက်သန်းကျော်စုပြုံအခြေချနေထိုင်ရာ မဟာရန်ကုန်၏ တစ်နေ့ အမှိုက်ထွက်ရှိမှုသည် တန်အားဖြင့် ၁၆၉၀ ထိရှိနေသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အမှိုက်တန်ချိန် ၁၅၀၀ ကျော်ကိုသာ သိမ်းဆည်းနိုင်သေးပြီး အမှိုက်တန်ချိန် ၁၉၀ ကျော်မှာ အလေအလွင့်ဖြစ်နေသည်။ သို့သော် မကြာမီ ဤအမှိုက်အလေအလွင့်ကိစ္စ စနစ်တကျထိန်းချုပ်လာနိုင်တော့မည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် အားဖြည့်ပေးလာနိုင်ပါတော့မည်။

ယခုအခါ ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ဥရောပသမဂ္ဂမှ ယူရိုငွေ တစ်သိန်းကျော်ကို အကူအညီရယူကာ သုံးနှစ်စီမံချက်ထားဆောင်ရွက်လျက်ရှိနေသည်။

"ဒီစီမံကိန်းက ၂၀၁၃ ခုနှစ်မှာစလုပ်ကာ အခန်းကဏ္ဍသုံးခုရှိပါတယ်။ Rule and Regulation (ဥပဒေ၊ နည်းဥပဒေတွေကို လိုက်လျောညီထွေပြုပြင်ပြောင်းလဲဖို့ အီတလီနိုင်ငံတူရင်းမြို့မှာ ပြဋ္ဌာန်းထားတဲ့ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေတွေကို မြန်မာနိုင်ငံက လက်ရှိထုတ်ပြန်ထားတဲ့ ဥပဒေတွေနဲ့ နှိုင်းယှဉ်ပြီးကိုက်ညီတာကို ယူသုံးဖို့နဲ့ နောက်ပြီး အမှိုက်သိမ်းကားတွေ ဘယ်ရောက်နေပြီ၊ ဘယ်မှာသိမ်းပြီးပြီ၊ ဧရိယာဘယ်လောက်ရှိတယ်စသဖြင့် (GPS,GIS) စနစ်တွေနဲ့လုပ်တာ" မြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦး၏ ရှင်းပြချက်။

၂၀၁၃ ခုနှစ်တွင် ယူရိုနှစ်သောင်းကျော် သုံးစွဲခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးအတွက် နည်းပညာပူးပေါင်းမှုများ၊ စွန့်ပစ်ပစ္စည်းအချက်အလက်များကိုကောက်ယူစုဆောင်းနိုင်ရန် လိုအပ်မှုများဖြည့်ဆည်းခြင်း (အင်တာနက်တပ်ဆင်ခြင်း၊ လိုအပ်သည့် ကွန်ပျူတာပစ္စည်းများ ဝယ်ယူခြင်းများ) လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

ယခုနှစ် ၂၀၁၄ တွင် သုံးစွဲသည့် ယူရိုလေးသောင်းကျော်နှင့် ၂၀၁၅ အတွက် ယူရိုလေးသောင်းကျော်သုံးစွဲကာ ဆောင်ရွက်ပြီးလျှင် ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမှိုက်စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုးရေးအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လာနိုင်မည်ဖြစ်သည်။

"နောက်တစ်ခုက စွန့်ပစ်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ကလေးတွေ အသိပညာတိုးပွားဖို့လိုတယ်။ Recycle ပစ္စည်းတွေက ဘယ်လိုတန်ဖိုးရှိလဲ။ ဘယ်လိုပြန်လည်အသုံးချလို့ရလဲ စတာတွေပဲဖြစ်ပါတယ်။" မြို့တော်စည်ပင်မှ တာဝန်ရှိသူ၏ စေတနာ စကားပင်။ သိရသလောက် မိမိတို့ပတ်ဝန်းကျင်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေသူများမှာ ကလေးများမဟုတ်။ လူကြီးများသာဖြစ်သည်။

လာမည့် ၂၀၁၅ တွင်ရန်ကုန်မှအမှိုက်များအားလုံးကို စနစ်တကျစုစည်းနိုင်တော့မည်။ လက်ရှိနည်းပညာပူးပေါင်းဆောင်ရွက်မှု ရလဒ်စာရင်းဇယားအရဆိုလျှင် ဓာတ်အား ၄၅ မဂ္ဂါဝပ်ထိ ထုတ်ယူလာနိုင်တော့မည်။ ပြည်သူများ၏အမှိုက်ကို စနစ်တကျစွန့်ပစ်မှု၊ တာဝန်ရှိသူများ၏ စနစ်တကျ အမှိုက်စုစည်းမှုနှင့် ညီညွတ်မှုရှိလာပြီဆိုလျှင် ဤအမှိုက်များက မဟာရန်ကုန်အား ၂၄ နာရီ မီးလင်းရေးကို ပံ့ပိုးစွမ်းဆောင်ပေးပါလိမ့်မည်။

ဒေသတစ်ခု ဖွံ့ဖြိုးမှုတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိမှုသည်လည်း မရှိမဖြစ်လိုအပ်ရာ ယခုဤလိုအပ်ချက် တစ်စိတ်တစ်ဒေသကိုအမှိုက်များက ဖြည့်ဆည်းပေးနိုင်တော့မည်။ ယခုအခါ အမှိုက်သည် လူသားတို့အတွက် အသုံးမဝင်သည့် စွန့်ပစ်ပစ္စည်းမဟုတ်တော့ဘဲ လူသားကမ္ဘာအား အလင်းရောင်ပေးမည့် 'ရွှေအမှိုက်' များဖြစ်လာနေကြောင်းပါ။ ။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ပေတောကျောင်းတိုက်အတွင်းမှတွေ့ရှိရသော ကျောက်စာနှင့်ပတ်သက်သည့် ဖိုရမ်ကျင်းပ

ရန်ကုန် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ပေတောဘုန်းကြီးကျောင်းတိုက်အတွင်းမှတွေ့ရှိရသော ရှေးဟောင်းကျောက်စာချပ်အပိုင်း လေးပိုင်းအားဆက်စပ်လိုက်သည့်အခါ မျက်နှာစာနှစ်ခုပါရှိသော ကျောက်စာတစ်ချပ်ရရှိခဲ့သည်။ အဆိုပါကျောက်စာတွင် နာဂရီအက္ခရာ (သက္ကတဘာသာ)၊ ကဒံဗအက္ခရာ(ပါဠိဘာသာ)၊ ပျူအက္ခရာ(ပျူဘာသာ)၊ မွန်အက္ခရာ(မွန်ဘာသာ)များနှင့် ရေးထိုးထားခြင်းဖြစ်ပြီး ကျောက်စာနှင့်ပတ်သက်၍ အက္ခရာပြန်ဆိုခြင်း၊ ဘာသာပြန်ဆိုခြင်းတို့ကို အဓိကဆွေးနွေးရန်အတွက် ဖိုရမ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးစီး၍ အမျိုးသားပြတိုက်(ရန်ကုန်)၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါဖိုရမ်သို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကား ပြောကြားပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ သမိုင်းပညာရှင် ဒေါက်တာခင်မောင်ညွှန့်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဒေါက်တာခင်အေး၊ ဒေါက်တာမြင့်ကြည်၊ ဒေါက်တာဒေါ်ခင်သိန်း၊ ဒေါက်တာထွန်းတင့်နှင့် မြန်မာစာပေပညာရှင်များ၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာကျော်ဝင်း၊ ဒေါ်အုန်းကြည်၊ ဦးကျော်၊ ဦးသိန်းလှိုင်၊ သမိုင်းသုတေသီများဖြစ်ကြသော ဦးစံဝင်း၊ ဦးဘုန်းတင့်ကျော်၊ ဒေါက်တာမျိုးသန့်တင်၊ သမိုင်းပါမောက္ခများဖြစ်သည့် ဒေါက်တာအေးအေးမွန်၊ ဒေါက်တာညွန့်ညွန့်ရွှေ၊ မြန်မာစာဌာန ပါမောက္ခဖြစ်သော ဒေါက်တာငြိမ်းငြိမ်း၊ မွန်စာပေ ပညာရှင်များဖြစ်ကြသော ဦးနိုင်မောင်တိုး၊ ဦးနိုင်ချစ်ဖေ၊ ဦးနိုင်စံလှိုင်၊ ဦးနိုင်ရဲအောင်၊ ဦးနိုင်စိုးသိန်း၊ ပျူကျောက်စာ၊ မွန်ကျောက်စာ ပညာရှင်များနှင့် ကျောက်စာလေ့လာသူများ၊ သုတေသီများ၊ ပြည်တွင်းသတင်းမီဒီယာများ တက်ရောက်ကြသည်။

ဖိုရမ်တွင် မွန်ကျောက်စာပညာရှင် ဦးနိုင်ဘရှင်က ကျောက်စာပါအက္ခရာများဖလှယ်၍ ဘာသာပြန်ဆိုမှုကို အခြားကျောက်စာများနှင့် နှိုင်းယှဉ်ရှင်းလင်း၍လည်းကောင်း၊ ပျူကျောက်စာပညာရှင် အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ပျူကျောက်စာမျက်နှာအား ဖတ်ရှုလေ့လာ ဘာသာပြန်ဆိုမှုကိုလည်းကောင်း၊ ပဲခူးတက္ကသိုလ် မြန်မာစာဌာနမှ ကထိကဒေါက်တာမောင်မောင်ဆွေက ပေတောကျောင်းကျောက်စာ တောင်ဘက်မျက်နှာ အက္ခရာပုံများ လေ့လာချက်ကိုလည်းကောင်း ဖတ်ကြား၍ ရှင်းလင်းတင်ပြ ဘာသာပြန်ဆိုခဲ့ကြပြီး ဖိုရမ်သို့ တက်ရောက်လာသော မြန်မာစာအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဒေါ်ခင်ဆွေမြင့်နှင့် ဒေါက်တာခင်အေး၊ မြန်မာသမိုင်းအဖွဲ့မှ ဒေါက်တာကျော်ဝင်း၊ သုတေသီများဖြစ်သည့် ဦးဘုန်းတင့်ကျော်၊ ဒေါ်နှင်းရွှေ၊ ဦးနိုင်မောင်တိုး၊ ဦးနိုင်ရဲဇော်၊ ဦးဟန်ရဲလတ်တို့က အပြန်အလှန်ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးပြီးနောက် မြစ်သားမြို့ ပေတောကျောင်းတိုက်အတွင်း တွေ့ရှိရသော ကျောက်စာသည် ပျူဘာသာ - ပျူအက္ခရာ၊ မွန်ဘာသာ၊ သက္ကတဘာသာ-ကဒံဗအက္ခရာ၊ ပါဠိဘာသာ စသည်ဖြင့် ဘာသာလေးမျိုး၊ အက္ခရာလေးမျိုး ရေးထိုးထားသော ဗြာနိဘရဏဒေဝသဘွဲ့ခံ စောလူးမင်း၏ဂူဘုရားတစ်ဆူတည်ခြင်း၊ ယင်းဂူဘုရားအတွင်း ဌာပနာအဖြစ် ရွှေဆင်းတုနှစ်ဆူကို ထည့်သွင်းပူဇော်ခြင်း၊ ကျန်ဘုရားနှစ်ဆူအား ပြည်သူလူထု ဖူးမြော်ရန်ထားရှိခြင်း၊ ဘုရား၌ ဆန်၊ စပါးရိက္ခာပေးပို့ရန် လယ်ပယ် ၁၀၀၊ နွား ၁၀ ရှင်း၊ စပါးတင်း ၁၀၀၀ သတ်မှတ်ပေးပို့ရန် ဘုရင့်လယ်အဖြစ်သတ်မှတ်ထားခဲ့ကြောင်း သက္ကရာဇ် ၄၄၁ ခုနှစ်(ခရစ်နှစ် အေဒီ-၁၀၇၉ ခုနှစ်တွင် ရေးထိုးထားသည့်ကျောက်စာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးမြို့မစျေးကြီး မီးဘေးကြုံတင်ကာကွယ်ရေး မီးသတ်ပိုက်များ ပေးအပ်

ပဲခူး ဧပြီ ၇

ပဲခူးမြို့မစျေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ပေးပို့လှူဒါန်းသည့် မီးသတ်ပိုက်များပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီခန့်က ပဲခူးမြို့မစျေးကြီး သုံးထပ်စျေးအပေါ်ထပ် စျေးအကျိုးဆောင်ရုံးခန်း၌ကျင်းပရာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးကျော်၊ ပဲခူးခရိုင် မီးသတ်တပ်ဖွဲ့ ဦးစီးဌာနမှူး ဦးအေးမြင့်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စျေးသူစျေးသားများတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ မီးသတ်ပိုက်ငါးခုနှင့် စျေးသူ စျေးသားအလှူရှင်များက လှူဒါန်းငွေကျပ် ၃၅၆၅၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ပဲခူးသား)

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်	ရွှေစျေး	၆၆၅၃၀၀	-	၆၆၆၃၀၀
မန္တလေး	ရွှေစျေး	၆၆၅၂၀၀	-	၆၆၆၂၀၀

စက်သုံးဆီစျေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၉. ၆
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၅. ၀၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၆၅၈
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၄. ၈၆
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၀၂၇
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၃၃. ၀၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၁. ၄၆၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၉၄. ၇၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၄. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာအီတို ဆူမာဒီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ သင်္ကြန်အထူးရထား အစုန်၊ အဆန် နှစ်စင်းစီ ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့မီးရထားက သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထား နှစ်စင်းစီ ပြေးဆွဲပေးမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း နေပြည်တော်မှဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိ နေပြည်တော်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထား နှစ်စင်းအပြင် အထူးရထားနှစ်စင်းအား ဧပြီ ၁၁ ရက်တွင် နေပြည်တော်-ရန်ကုန်ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ ည ၉ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၁၂ ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင်လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် ဧပြီ ၁၃ ရက်တွင် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အလွန်ကာလအတွက် အဆိုပါအထူးရထားနှစ်စင်းသည် မန္တလေးမှ ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး-ရန်ကုန် အစုန်ရထားများအဖြစ် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည်။ မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိ အမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ် အထူးရထားနှစ်စင်းကို ဧပြီ ၂၀ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန်အထူးရထား (၁)သည် ရန်ကုန်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန်အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့နောက်တစ်နေ့နံနက် ၄ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါရန်ကုန်-မန္တလေးသင်္ကြန်အထူး (အစုန်၊ အဆန်) ရထားများကို လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး (အစုန်၊ အဆန်)ရထားများကို လမ်းခရီး၌ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဧပြီ ၇

စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး Mr. Chua Hian Kong Robert၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဘရှော်နှင့် ဒေါက်တာအောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ၂၀၁၂ခုနှစ် ဇန်နဝါရီလက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ စင်ကာပူသမ္မတနိုင်ငံ ခရီးစဉ်တွင် စင်ကာပူ-မြန်မာနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Singapore- Myanmar Technical Cooperation Programme -SMTCP) နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စင်ကာပူနှင့် မြန်မာအစိုးရတို့အကြား ကျင်းပနိုင်ခဲ့ပါကြောင်း၊ SMTCP သည် မိမိတို့အစိုးရ၏ အဓိကလုပ်ဆောင်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် အများပြည်သူနှင့် သက်ဆိုင်သော စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အရည်အချင်းတိုးမြှင့်နိုင်ရေးတို့ကို အဓိကလုပ်ဆောင်လျက်ရှိပါကြောင်း။

၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် ASEAN Economic Community ကျင်းပနိုင်ရန် မြန်မာနိုင်ငံ၌ အရည်အချင်းပြည့်ဝသော လုပ်သားများ ပေါ်ထွက်လာရေးအတွက် စက်မှုနှင့် သက်မွေးပညာရေးသည် အဓိကပါဝင်ပါကြောင်း။

စက်မှုနှင့် သက်မွေးပညာရေး အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော လုပ်သားအင်အားများအား စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်စေခြင်းအားဖြင့် နိုင်ငံ၏ ထုတ်လုပ်မှုအင်အားကို တိုးမြှင့်နိုင်ရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr. Robert Chua နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းတို့သည် စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဝဲပုံ)**

ယခုဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေးသင်တန်းတွင် အီလက်ထရွန်နစ်ဆိုင်ရာ ကျွမ်းကျင်မှု (Electrical Skills and Electronics)၊ အဆောက်အအုံနှင့် ဝန်ဆောင်မှုများဆိုင်ရာ စီမံခန့်ခွဲမှု (Facilities Management)၊ စက်မှုအတတ်ပညာဆိုင်ရာ ဝန်ဆောင်မှု (Engineering Services)နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး (Hospitality and Tourism) စသည့် ဘာသာရပ်လေးခုကို သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ၏ ပထမဆုံး လေယာဉ်တင်သင်္ဘော လျှောင်နင်းထံ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟေဂဲလ် သွားရောက်

ပေကျင်း မေ ၇

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟေဂဲလ်သည် တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး လျှောင်နင်းထံ သွားရောက်ခြင်းဖြင့် ၎င်း၏သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို စတင်လိုက်ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံမှထွက်ခွာလာသော အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် တရုတ်နိုင်ငံ ကွမ်တုန်းမြို့၌ ဆိုက်ကပ်ထားသော လေယာဉ်တင်သင်္ဘောကြီး လျှောင်နင်းထံသို့ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ ၎င်းသည် တရုတ်ရေတပ် ရေယာဉ်ပေါ်သို့ ရောက်ရှိလာသည့် ပထမဆုံးသော အနောက်တိုင်း အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောကို ၁၉၉၈ ခုနှစ်တွင် ယူကရိန်းနိုင်ငံထံမှ တရုတ်နိုင်ငံက ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၁၀ နှစ်ကြာမျှ မွမ်းမံပြင်ဆင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် လေယာဉ်တင်သင်္ဘော ပိုင်ဆိုင်မှုသည် မဟာဗျူဟာမြောက် လှုပ်ရှားမှုများပြားသော အဆိုပါဒေသအတွင်း၌ ၎င်း၏ရေတပ်အား ခေတ်မီရေတပ်တစ်ခုအဖြစ် တည်ဆောက်ရန် ရည်မှန်းချက်ထားရှိပုံကို ဖော်ပြခြင်းဖြစ်သည်။

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုညှိနှိုင်းလုပ်ဆောင်လာဖွယ်ရှိသည်ဟူသော လက္ခဏာတစ်ရပ်အဖြစ် အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် အဆိုပါ လေယာဉ်တင်သင်္ဘောကြီး၏ ကုန်းပတ်ပေါ်သို့ ခြေချခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်အစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်းအပေါ် ပွင့်လင်းမြင်သာမှုရှိစေရန် အမေရိကန်က မကြာခဏ တိုက်တွန်းခဲ့သည်။

ယူချီရေတပ်အခြေစိုက်စခန်းရှိ လေယာဉ်တင်သင်္ဘော လျှောင်နင်းထံသို့ ကာကွယ်ရေးဝန်ကြီး သွားရောက်ရန် မေတ္တာရပ်ခံခဲ့ပြီး နှစ်နာရီခန့်မျှ လေယာဉ်တင်သင်္ဘောပေါ် ရှိနေခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့်အတူ တရုတ်ပြည်ခရီးစဉ်တွင် လိုက်ပါသည့် သတင်းသမားများသည် လေယာဉ်တင်သင်္ဘောခရီးစဉ်တွင် လိုက်ပါရခြင်းမရှိသည့်အတွက် လတ်တလောတွင် အသေးစိတ်အချက်အလက်များ သိရှိရခြင်းမရှိပေ။ လျှောင်နင်းအမည်ရှိ လေယာဉ်တင်သင်္ဘောကြီးကို ဆိုဗီယက်ရေတပ်က ၁၉၈၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့သော်လည်း ပြီးဆုံးအောင်တည်ဆောက်နိုင်ခဲ့ခြင်းမရှိပေ။ ၁၉၉၁ခုနှစ် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲချိန်က ယူကရိန်းနိုင်ငံ သင်္ဘောကျင်းတစ်ခု၌ ကိုယ်ထည်ပိုင်းသာ တည်ဆောက်ပြီးစီးနေပြီး ဗိုင်ဂရပ်ဟု အမည်ပေးခဲ့သည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး လျှောင်နင်းကို တွေ့ရစဉ်။

ယူကရိန်း၌ ဆန္ဒပြသူများက အစိုးရရုံးတစ်ရုံးကို သိမ်းပိုက်

ကီယက်ဗ် မေ ၇

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒိုနက်စ်မြို့၌ ဆန္ဒပြသူများက ဒေသဆိုင်ရာအစိုးရအဖွဲ့ အုပ်ချုပ်ရေးရုံးအဆောက်အအုံကို သိမ်းပိုက်ခဲ့ကြောင်း၊ ဆန္ဒပြသူများသည် ရုရှားလိုလားသူများဖြစ်ပြီး ရုရှားနိုင်ငံတော်အလံကို ဝှေ့ယမ်းကာ ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒိုနက်စ်မြို့ရှိ လီနင်ရင်ပြင်၌ မေ ၆ရက်က လူ ၂၀၀၀ ခန့် စုဝေးကာ ဆန္ဒပြခဲ့ကြပြီး ဒေသဆိုင်ရာအစိုးရအဖွဲ့ အုပ်ချုပ်ရေးရုံးကို သိမ်းပိုက်ခဲ့ကြသည်။

ယူကရိန်းလုံခြုံရေးတပ်ဖွဲ့က အဓိကရုဏ်း နှိမ်နင်းရေး ရဲအရာရှိများကို ထိန်းသိမ်းထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း၊ ကီယက်ဗ်၌ မငြိမ်မသက်မှုများဖြစ်ပွားစဉ်အတွင်း လူသေမှုဆိုင်ရာစွဲချက်ဖြင့် အဆိုပါ ရဲအရာရှိများကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က မီးသတ်ပိုက်အသုံးပြု၍ လူစုခွဲခဲ့သည်။ ခေတ္တသမ္မတ အိုလက်စန္ဒရာတာချီနော့ဗ်သည် အရေးပေါ်လုံခြုံရေးအစည်းအဝေး ကျင်းပခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလက လူထုစည်းဝေးပွဲတစ်ရပ်ကျင်းပခဲ့သည့် မှတ်တမ်းပုံ။

အာဖဂန်နစ္စတန်၌ ကျင်းပသော ရွေးကောက်ပွဲများတွင် မျှော်လင့်ခဲ့သည်ထက် မဲပေးသူ ပိုမိုများပြား

ကဘူး မေ ၇

အာဖဂန်နစ္စတန်နိုင်ငံ၌ကျင်းပခဲ့သော ရွေးကောက်ပွဲများ၌ မျှော်လင့်ခဲ့သည်ထက် မဲပေးသူပိုမိုများပြားကြောင်း၊ တာလီဘန်အဖွဲ့က ရွေးကောက်ပွဲပျက်ပြားအောင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်မည်ဟု ရွေးကောက်ပွဲအကြိုကာလ၌ ခြိမ်းခြောက်ခဲ့သော်လည်း ကြီးကျယ်သောတိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မေ ၅ ရက်က ကျင်းပခဲ့သော သမ္မတနှင့်ဒေသန္တရ ရွေးကောက်ပွဲများတွင် မဲပေးသူဦးရေ အံ့အားသင့်ဖွယ်များပြားခဲ့ကြောင်း၊ မဲများကို ရေတွက်လျက်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက ပြောကြားသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့် ရွေးကောက်ပွဲအကြိုနေ့တို့က အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၃ ဦးသေဆုံးခဲ့ရကြောင်း၊ သေဆုံးသူအများစုမှာ စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ကန်ဒုဇ်ပြည်နယ်မြောက်ပိုင်း၌ ဆန္ဒမဲများပါရှိသော မဲပုံးများသယ်ဆောင်လာသည့် ကားတစ်စီး လမ်းဘေးထောင်ဗုံးထိမှန်ခဲ့ရာ ရွေးကောက်ပွဲလုပ်သား အများစုဖြစ်သည့်လူသုံးဦး သေဆုံးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

အမေရိကန်က ရိုမေးနီးယားသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ စေလွှတ်မည်

ဘူခါရက် မေ ၇

ရုရှားနိုင်ငံက ခရိုင်းမီးယားကို အချုပ်အခြာအာဏာအောက်သို့သွတ်သွင်းပြီးသည့်နောက် ယူကရိန်းနိုင်ငံအတွင်း တင်းမာမှုများ ပေါ်ပေါက်နေစဉ် အမေရိကန်ပြည်ထောင်စုက ရိုမေးနီးယားနိုင်ငံသို့ ပူးတွဲစစ်ရေးလေ့ကျင့်မည့် အစီအစဉ်အတွက် အက်ဖ်-၁၆ တိုက်လေယာဉ်များအား ယခုလအတွင်းပေးပို့မည်ဖြစ်ကြောင်း နေတိုးအဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို ရိုက်တာက ကိုးကားဖော်ပြသည်။

လွန်ခဲ့သည့်လအတွင်း၌ ခရိုင်းမီးယားကျွန်းဆွယ်မှ မိုင်ပေါင်းရာဂဏန်းအနည်းငယ်မျှဝေးသော ပင်လယ်နက်၌ အမေရိကန်ရေတပ်ဖွဲ့မှ ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောတစ်စင်းသည် ရိုမေးနီးယား၊ ဘူလ်ဂေးရီးယားနိုင်ငံတို့နှင့်အတူ စစ်ရေးလေ့ကျင့်ခဲ့သည်။

ရိုမေးနီးယားနိုင်ငံပိုင်နက်ဝေဟင်တွင် ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်ထားသည့်အတွက် ရိုမေးနီးယားနိုင်ငံသို့ အမေရိကန် အက်ဖ်-၁၆ လေယာဉ်များရောက်ရှိလာမည်ဖြစ်ကြောင်း၊ ၎င်းတို့သည် ကာလအတန်ကြာသည်အထိ ရှိနေကြမည်ဖြစ်ကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီး မီယာစီယာဒူဆာက တနင်္ဂနွေနေ့နှောင်းပိုင်း၌ ပြောကြားခဲ့ခြင်းကို မီဒီယာပက်စ်သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်တွင် ပင်တဂွန်က ၎င်း၏ ဥရောပအခြေစိုက် လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့ကို အင်အားဖြည့်တင်းရန် အစီအစဉ်အရ ပင်လယ်နက်အနီးရှိ ရိုမေးနီးယား စစ်အခြေစိုက်စခန်းသို့ တပ်ဖွဲ့ဝင်အသစ် ၁၇၅ ဦးပေးပို့မည်ဟု ပြောဆိုခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက နေတိုးအနေဖြင့် အရှေ့ဥရောပနိုင်ငံများ၌ တပ်စွဲထားသော ၎င်း၏အင်အားကို တိုးမြှင့်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘောလ်တစ်နိုင်ငံငယ်များသည် ၎င်းကိုယ်၎င်း ယုံကြည်မှုလွန်ကဲလာသော ရုရှားနိုင်ငံကြောင့် စိုးရိမ်ကြောင့်ကြမှုများ ခံစားနေကြရသည်။ **ရိုက်တာ။**

မတ်လအတွင်းက ပင်လယ်နက်၌ပြုလုပ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နှင့် ရိုမေးနီးယား တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဆီးရီးယား ပြည်တွင်းစစ်ပြဿနာ ဂျော်ဒန်နှင့်ရုရှား ဆွေးနွေးမည်

အမ္မန် မေ ၇

ဂျော်ဒန်ဘုရင်အဗ္ဗဒူလာသည် ဆီးရီးယားပြည်တွင်းစစ်ပြဿနာနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် မေ ၉ ရက်တွင် မော်စကိုသို့ သွားရောက်မည်ဖြစ်ကြောင်း ဘုရင့်နန်းတော်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဘုရင်အဗ္ဗဒူလာသည် ဥရောပခရီးစဉ်အဖြစ် မေ ၇ ရက်တွင် ဗာတီကန်နန်းတော်သို့ ရောက်ရှိလာမည်ဖြစ်ပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသည် မေလတွင် ဘုရားဖူးခရီးစဉ်သွားရောက်ရန်ရှိနေပြီး ဂျော်ဒန်နိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

ဂျော်ဒန်ဘုရင်နှင့် ရုရှားသမ္မတတို့၏ ဆွေးနွေးပွဲတွင် သုံးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်နှင့် ပတ်သက်၍ လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသအခြေအနေနှင့်ပတ်သက်၍လည်းကောင်း အဓိကဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ဂျော်ဒန်နိုင်ငံ၏ အိမ်နီးချင်းဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် လူပေါင်း ၁၅၀၀၀၀ ခန့်သေဆုံးခဲ့ရပြီးဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဂျော်ဒန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည် ငါးသိန်းကျော်ကို လက်ခံထားရပြီး ဂျော်ဒန်မြောက်ပိုင်း ဇာဒါရီ သဲကန္တာရဒုက္ခသည် စခန်းတစ်ခုတည်းမှာပင် ဆီးရီးယားဒုက္ခသည်တစ်သိန်းကျော် နေထိုင်လျက်ရှိသည်။ **ရိုက်တာ။**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang နှင့် မွန်ဂိုလီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Zandaakhuu Enkhbold တို့၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေ

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်/ပို့ကုန်လုပ်ငန်းများကို ရုံးချုပ်၊ ဆိပ်ကမ်း၊ လေဆိပ် ကုန်လှောင်ရုံ၊ စက်လှေဆိပ်ကမ်းများတွင် ဧပြီ ၁၂ ရက်၊ ၁၈ ရက်၊၁၉ ရက်၊ ၂၀ ရက်များတွင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၂။ လေကြောင်း Export လုပ်ငန်းအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ငွေပေးသွင်းမှုအနေဖြင့် Payment Order ကိုသာ လက်ခံမည်ဖြစ်၍ Deposit ကို လုံလုံလောက်လောက် ပေးသွင်းထားရမည်ဖြစ်သည်။

၄။ သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့်သတ်မှတ်ရက်များနှင့် အခြားရက်များတွင် အရေးကြီးတင်သွင်း၊ တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ ၁၀-၄-၂၀၁၄ ရက်နေ့နောက်ဆုံးထား၍ ဌာနဆိုင်ရာ ကုမ္ပဏီ၏ Letter head နှင့်အတူ အချိန်ပိုလျှောက်ထားရမည်ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာန

မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၇

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဧပြီ ၄ ရက်မှ ၅ ရက်အထိ ဒုတိယအကြိမ် မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ထိပ်သီးအစည်းအဝေးတွင် မဲခေါင်မြစ် ကော်မရှင်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရန်၊ ကိုယ်စားလှယ်များမှ ၂၀၁၀ ဟွာဟင်းကြေညာချက် အကောင်အထည်ဖော်မှု၏ ဖြစ်ပေါ်တိုးတက်မှုအား ဆက်လက်ဆောင်ရွက်ရန်နှင့် မဲခေါင်ကော်မရှင်၏ ၂၀၁၆-၂၀၂၀ ကာလအတွက် မဟာဗျူဟာကျသည့် ဦးတည်ချက် လမ်းကြောင်းများဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်းဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်တွေ့ဆုံခဲ့ပြီး ချစ်ကြည်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသနှင့်သားငါးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၇

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဧပြီ ၆ ရက် ညနေ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ဆောမြို့၌ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ မြို့နယ်မီးလင်းရေးနှင့် ရေရရှိရေးတို့ကို ဆွေးနွေးကာ မြို့နယ်ပြည်သူ့ဆေးရုံရှိ လူနာများအား အားပေးပြီးထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ချင်းပြည်နယ် ကန်ပက်လက်မြို့၌ တည်ဆောက်နေသော ဆောချောင်း ရေအားလျှပ်စစ်စီမံကိန်းတို့ကို စစ်ဆေးသည်။

ထို့နောက် ပါကွန်းရွာ၌ ကမ္ဘာ့ဘဏ်မှ အကူအညီပေးရေး နယ်မြေခံအဖွဲ့နှင့်တွေ့ဆုံပြီး လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်နေမှုများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို စစ်ဆေး၍ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ ပါကွန်းရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ရေလောင်းအိမ်သာ၊ စာသင်ခုံများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ညပိုင်းတွင် ကန်ပက်လက်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဆောနှင့် ကန်ပက်လက်မြို့နယ်များမှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊ မီးလင်းရေးနှင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး ဆွေးနွေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ထန်းတပင်မှသည် တစ်နိုင်ငံလုံး စာတတ်မြောက်ရေး ဝိုင်းဝန်းကူညီလုပ်အားပေး

သတင်းဆောင်းပါး ›› သီသီမင်း
ဓာတ်ပုံ ›› မင်းသစ်

"ဆန္ဒ"
တစ်တိုင်ဆီမီး
ထွန်းညှိပြီးကာ
ဆီမီးထောင်ရာ
ပွားများပါ။

မောင်ဟန်ဝင်း(ထန်းတပင်)
နိုင်ငံတကာစာတတ်မြောက်ရေးနေ့
အထိမ်းအမှတ်(၁၉၉၇)

အဆိုပါကဗျာလေးကို ဖတ်မိသည်နှင့် စာမတတ်သူပပျောက်ရေး၊ စာတတ်သူတိုင်း ဝိုင်းကူပေးဟုကြွေးကြော်ကာ လူထုအားဖြင့် လှုပ်ရှားဆောင်ရွက်လာခဲ့သော"အ" သုံးလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကို အမှတ်ရကြမည်ဖြစ်သည်။ "အ" သုံးလုံး၏ အဓိပ္ပာယ်မှာ(အရေး၊ အဖတ်၊ အတွက်)ဟူ၍ ဖြစ်သည်။ စာမတတ်လျှင် အကန်း၊ ရက်ကန်းမတတ်လျှင် အကျိုးဟူသော မြန်မာ့ဆိုရိုးစကားနှင့်အညီ စာပေမတတ်သူသည် လောကတွင် အသိညဏ် ဗဟုသုတများနှင့် ကင်းကွာပြီး အမှား/အမှန် ဝေဖန်ထောက်ချင့်နိုင်စွမ်းနည်းပါးသွားတတ်ကြသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တည်မှီနေသည့်အတွက် လူတိုင်းစာတတ်မြောက်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လူတိုင်းစာတတ်မြောက်ရေး ဦးတည်ချက်ဖြင့် ကျောင်းပညာရေးကို တိုးမြှင့်ဆောင်ရွက်ပေးနေပြီဖြစ်သည့်အပြင် ကျောင်းပြင်ပပညာရေးကိုလည်း အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်တွင်လည်း နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့တို့က အဆိုပြုတင်ပြလာသော မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများရှိ စာတတ်မြောက်ရေး သင်ယူမည့်သူများထံသို့ တက္ကသိုလ်ဆရာ ဆရာမများကြီးကြပ်လျက် လုပ်အားပေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ဒေသခံများနှင့်ပူးပေါင်းပြီး ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။

ဧပြီ ၆ ရက်တွင် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ ထန်းတပင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင်လည်း ကျင်းပသည့်အတွက် ကျွန်မတို့ ထန်းတပင်မြို့နယ်သို့ သွားရောက်သတင်းရယူခဲ့ပါသည်။

ထန်းတပင်မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးနှင့် အနီးဆုံးတွင်ရှိခြင်းကြောင့် စာမတတ်သူများရှိလိမ့်မည် မဟုတ်ဟု ကျွန်မတို့ ထင်မိခဲ့သည်။ သို့သော် ကျွန်မတို့ အထင်နှင့်အမြင် မှားယွင်းသွားလေပြီဖြစ်သည်။ တကယ့်စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွင်ရှိသော ထန်းတပင်မြို့နယ်တွင် "ဝ၊ ထ၊ က၊ လ၊ သ" ကိုပင် မှန်အောင် မရေးတတ်၊ မပေါင်းတတ်သောသူများ အသက်အရွယ်ကြီးရင့်သော်လည်း " ဝ" လုံးလေးကို ဝိုင်းအောင်မရေးတတ်၍ လုပ်အားပေး ဆရာ ဆရာမလေးများ၏ သင်ပြနေမှုများကို မြင်တွေ့လိုက်ရသည့်အခါ ကျွန်မတို့ နှလုံးအိမ်တွင် မဖော်ပြနိုင်သော ခံစားမှုများက အစီအရီ ကိုယ်စီကိုယ်စီဖြစ်နေကြသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပထမနှစ် အင်္ဂလိပ်စာကျောင်းသူလေးတစ်ဦးဖြစ်သူ မစန်းတင့်တင့်ထူးက "သမီးလည်း အံ့သြတာပေါ့နော်၊ ရန်ကုန်နဲ့ အနီးဆုံးမှာရှိတဲ့ ဒီနေရာမှာ ဒီလိုဖြစ်နေကြမယ်လို့မထင်ဘူး၊ "ဝ၊ ထ၊ က၊ လ၊ သ" ကို သင်တာတောင် "ဝ" ပြီးရင် "ထ" လာတယ်လို့ ခဏခဏသင်တာတောင် မမှတ်မိတဲ့သူတွေရှိသလို ဘယ်လိုရေးရမယ်ဆိုတာ မသိတဲ့သူတွေအများကြီးရှိတယ်။ ဒါပေမယ့်သူတို့က ကြိုးစားကြတယ်၊ လိုလိုချင်ချင်ရှိတော့ သင်ပေးလိုက်ရင် အတတ်မြန်ကြတယ်၊ တချို့ကျတော့ ငယ်ငယ်တုန်းက စာသင်ခဲ့ဖူးပါတယ်။ ဒါပေမယ့် စာပေနဲ့ဝေးနေကျတော့ အခက်အခဲလေးတွေဖြစ်ကြတာပါ။ တချို့ကလေးတွေဆိုရင် မြေစာနှင့်ကညွတ်တွေ မနက်ပိုင်းရောင်းပြီး ညပိုင်းမှာစာသင်ကြတယ်။ ရေတံခါးလို့ခေါ်တဲ့နေရာက ကလေးတွေ စာသင်ချင်တယ်ဆိုလို့ အုပ်ချုပ်ရေးမှူးတွေက ညပိုင်းမှာ ထော်လာချီတွေနဲ့သွားခေါ်ပြီး ကျွန်မတို့က စာသင်ပေးရတယ်။ ည ၇ နာရီကစရင် ည ၁၀ နာရီမှာပြန်ရတယ်။ တစ်နေ့ သုံးနာရီ သင်ပေးရတယ်။ လိုလိုချင်ချင်နဲ့ လာသင်ကြတာပါ။ သူတို့လာရတာ အဝေးကြီးရယ်" ဟုပြောသည်။

အသက်(၇၅)နှစ်ရှိ ဒေါ်ခင်လှိုင်။

လုပ်အားပေးရာတွင်ပါဝင်ကြမည့် ဆရာ ဆရာမ၊ ကြီးကြပ်သူများကို ဖေဖော်ဝါရီလအတွင်းက တစ်ပတ်ကြာသင်တန်းပေးပြီး ကျောင်းသူ ကျောင်းသားများအား မတ်လအတွင်းက ဆင့်ပွားသင်တန်းပေးပြီး စနစ်တကျဖြင့် သင်ပုံသင်နည်း နည်းစနစ်များဖြင့် စနစ်တကျပို့ချပေးထားကြောင်းသိရသည်။

ထန်းတပင်မြို့နယ်ရှိ ဒေသခံအများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ကြုံရာကျပန်းလုပ်ကိုင်ကြသူများနှင့် စက်မှုဇုန်များတွင် အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြသည်။

ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက် လွမ်းစေတီဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မဟာကောသလစေတီနှင့် သောက်ရေကန်အကြား အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးအောက်တွင် စားပွဲဝိုင်းလေးချပြီး စာသင်ကြားနေသော မြင်ကွင်းကလည်း မမေ့နိုင်စရာဖြစ်ခဲ့ရသည်။

အဆိုပါစာသင်ဝိုင်းမှ စာအံသင်ယူနေသော အသက်(၇၅)နှစ်အရွယ် ဒေါ်ခင်လှိုင်က "အသက်ကြီးမှ စာသင်ရတော့ ရင်ထဲမှာတစ်မျိုးကြီးတော့ဖြစ်မိတယ်။ စာသင်နေရပေမယ့် ခေါင်းကသိပ်မမှတ်မိနိုင်တော့ဘူးလေ။ စာမတတ်တဲ့အတွက် သား၊ မြေးတွေကို ဘယ်လိုလုပ်ပါ၊ ဘာလုပ်ပါ အဲလိုမပြောနိုင်ဘူး၊ စာမှမတတ်တာ။ ငယ်ငယ်တုန်းကတည်းက စာမသင်ခဲ့ဖူးတာပါ" ဟုပြောသည်။

ကျပန်းလုပ်ကိုင်သူ မအုန်းပိုင်ကလည်း "ကျွန်မက စာအရမ်းတတ်ချင်ခဲ့တယ်။ သင်ပေးမယ့်သူမရှိခဲ့ဘူး။ အခုဆရာမလေးတွေ သင်ပေးသလောက်တော့ရနေပါပြီ။ အများကြီးတော့ မဖတ်တတ်သေးပါဘူး။ သေစာ၊ ရှင်စာဖတ်လို့ရရင်တော်ပါပြီ။ လာသင်ပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်မိပါတယ်" ဟုပြောသည်။

အခြေခံစာတတ်မြောက်ရေးအတွက် လှုပ်ရှားဆောင်ရွက်ရာတွင် မြန်မာစာနှင့် သင်္ချာကိုသာ သင်ကြားပေးရခြင်းဖြစ်ကြောင်းကို "ဒီမှာ သင်ရတာက မြန်မာစာနှင့် သင်္ချာ နှစ်မျိုးပဲလေ၊ တချို့ကလေးတွေက သင်္ချာကို သင်ရတာ မြန်မြန်ရကြတယ်။ လူကြီးတွေကိုတော့ မြန်မာစာကို အဓိကသင်ပေးရတယ်။ သမီးသင်ပေးရတဲ့ဝိုင်းက အသက်(၁၀)နှစ်ကနေ (၄၀)ကျော်အထိပါပါတယ်။ စာသင်တဲ့အချိန်က သတ်မှတ်မထားဘူး။ သူတို့အားတဲ့အချိန်မှာ သင်ပေးတာပါ။ နံနက် မအားတဲ့သူဆိုရင် ည၊ ညမအားတဲ့သူဆိုရင် နံနက်၊ အခုလိုစာမတတ်တဲ့သူတွေကို သင်ပေးရလို့ ဝမ်းသာမိပါတယ်"ဟု သတ္တဗေဒဌာနမှ တတိယနှစ်ကျောင်းသူ မနှင်းအဥ္ဇလီက ပြောသည်။

ဒုတိယနှစ်ကျောင်းသား မောင်ဇော်မိုးကလည်း "ကျွန်တော်က ထန်းတပင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ကန့်လန့်ကုန်းကျေးရွာမှာ သင်ရပါတယ်။ ကျွန်တော်သင်ရတဲ့နေရာက ကရင်တွေများတယ်။ ကရင်စကားလည်း ကျွန်တော်က နားမလည်တော့ ကရင်စကားသင်ချင်စိတ်ပေါက်လာတယ်။ သူတို့ကို မြန်မာစာအပြင် မြန်မာစကားပါ ပြန်သင်ပေးနေရတယ်။ အဲဒီ အတွေ့အကြုံတွေတော့ ရတာပေါ့" ဟု ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

ထန်းတပင်မြို့နယ်ရှိ စာမတတ်သူဦးရေ ၁၃၂၈ ဦးတို့အား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ကျောင်းသူကျောင်းသား ၁၇၀၊ သင်တန်းကြီးကြပ်သူ ၁၀ ဦးတို့ဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်ပညာရေးမှူး ဦးမောင်မောင်တိုးက "စာတတ်မြောက်ရေးလုပ်ငန်းဆိုတာ ကျွန်တော်တို့ လုပ်ကိုလုပ်သင့်တဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒါမှ အသိပညာဗဟုသုတတွေ တိုးမယ်။ စာမဖတ်တတ်ရင်တော့သူများပြောတာပဲ နားထောင်ရမှာပေါ့၊ သူများပြောသမျှပဲ သိမှာပေါ့၊ ဒါကြောင့် မျက်စိပွင့်၊ နားပွင့်ဖြစ်အောင် စာတတ်မြောက်ရေးကို ပိုပြီးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုသို့ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနတို့သည် သင်ယူသူများနှင့် ဒေသခံများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ စာသင်သားတစ်ဦးချင်း လိုအပ်သော စာရေးကိရိယာများနှင့် စာအုပ်စာတမ်းများကိုလည်း အခမဲ့ဖြန့်ဝေပေးသည့်အပြင် ဆရာ ဆရာမများနှင့် လုပ်အားပေးကျောင်းသူကျောင်းသားများ၏ သွားရေး၊ လာရေး၊ စားသောက်နေထိုင်ရေးကိစ္စများကို ဖြည့်ဆည်းပံ့ပိုးပေးထားသည်။

ထန်းတပင်မြို့နယ်ရှိ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအဖွဲ့အစည်းများကလည်း ပံ့ပိုးကူညီပေးနေသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က "ကျွန်တော်က ထန်းတပင်ဇာတိပါ။ အခုလို ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုထဲမှာ ရန်ကုန်တိုင်းဒေသကြီး သုံးမြို့နယ်ထဲမှာ ထန်းတပင် အပါအဝင်ဖြစ်တဲ့အတွက် ထန်းတပင်မြို့နယ်မှာ စာတတ်မြောက်မှုနှုန်း ပိုမိုမြင့်မားလာမှာဖြစ်သလို ထန်းတပင်သူ ထန်းတပင်သားတွေ ပညာတတ်တွေများလာရင် နိုင်ငံအတွက်လည်း အကျိုးရှိမယ်၊ အရင်က ထန်းတပင်မြို့နယ်က သွားလာရေးခက်ခဲတော့ ပညာရေးနိမ့်ကျနေခဲ့တယ်။ ဒီကနေ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့ ပညာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းက မြှင့်တင်လာနိုင်မှာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်အတွက် ထန်းတပင်သူ ထန်းတပင်သားတွေက ဒီထက်မကကြီးလေးတဲ့တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့သူတွေ အများကြီးပေါ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်တယ်၊ မျှော်လည်းမျှော်လင့်မိပါတယ်"ဟု ပြောသည်။

ဒါနပြုသမျှတွေထဲတွင် ပညာဒါနသည် အမြတ်ဆုံးဖြစ်သည်။ မျက်စိအလင်း၊ စက္ခုအလင်းမရသူကို ကုသပေးလျှင် ကုသိုလ်ရသကဲ့သို့ ပညာအလင်းမရသူ၊ ပညာမတတ်သူကို ပြန်လည်ဝေမျှပေးခြင်းသည်လည်း မြတ်သောဒါနပင်ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏ ကျောင်းအားရက်များတွင် လူမှုရေးလုပ်ငန်းများကို ပညာရေးဖြင့် နှီးနွှယ်၍ လုပ်ကိုင်ကြခြင်းသည် ကောင်းမြတ်သော မင်္ဂလာပင်ဖြစ်သည်။

လူတိုင်းစာတတ်မြောက်ပြီး ပညာရည်အဆင့်အတန်းမြင့်မားလာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်၍ စာမတတ်သူများပပျောက်စေရန် လှုပ်ရှားမှုများဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်သင့်သည်။

ဤသို့ဖြင့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုထဲတွင်ပါဝင်သည့် လူငယ်မောင်မယ်များတွက် ဒေသန္တရဗဟုသုတရရှိခြင်း၊ စာသင်ကြားခံရသည့် ဒေသခံများအတွက် စာပေပညာတိုးပွားခြင်း၊ နေရာအနှံ့ သွားရောက်သင်ကြားကြသည့်အတွက် ဒေသခံများ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို သိမြင်ပြီး နောင်တစ်ချိန်တွင် ကျရာတာဝန်ကိုထမ်းဆောင်ကြသည့်အခါ အဆိုပါအတွေ့အကြုံကောင်းများမှ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

ဘီဘီစီ၏ အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံတွင် တိုးမြှင့်ဆောင်ရွက်သွားမည့် ဘီဘီစီ၏ အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများမှ အယ်ဒီတာများနှင့် သတင်းထောက်များ၊ ဘီဘီစီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဘီဘီစီမှ Director General Lord Tony Hall က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မြန်မာနိုင်ငံတွင် မီဒီယာပြုပြင်ပြောင်းလဲရေးမူဝါဒအရ နိုင်ငံပိုင်မီဒီယာများကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကိုလည်း အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားအဖြစ် ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုများတွင် ဘီဘီစီမှ ကူညီပံ့ပိုးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

ထိုသို့ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင့်တိုင်းတွင် မမျှော်လင့်နိုင်သော အခက်အခဲများ ရှိလာနိုင်သည်ဟု မျှော်လင့်ထားပါကြောင်း၊ ယင်းအခက်အခဲများကို အောင်မြင်အောင် ကျော်လွှားနိုင်ရန် ဆောင်ရွက်ရာတွင် ဘီဘီစီအနေဖြင့်လည်း တစ်ဖက်တစ်လမ်းက ပိုမိုနီးကပ်စွာ ပါဝင်ကူညီဆောင်ရွက်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သတင်းထောက် Jonah Fishen Country Director Ed Pauker နှင့် မြန်မာပိုင်းအစီအစဉ်ဌာနမှူး ဒေါ်တင်ထားဆွေတို့က ဘီဘီစီ၏ အသံလွှင့်အစီအစဉ်များ၊ စမ်းသပ်ထုတ်လွှင့်မည့် ရုပ်မြင်သံကြားအစီအစဉ်များ၊ ဘီဘီစီက ပို့ချပေးလျက်ရှိသည့် သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

သီးနှံစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် ဥတ္တရသီရိမြို့နယ် သပြေကုန်းကျေးရွာအနီးရှိ သဘော်စိုက်ခင်း၊ ဖရဲစိုက်ခင်း၊ ပုလဲသွယ်စပ်မျိုး နွေစပါးစိုက်ခင်း၊ ကန်စွန်းနှင့် ကျွဲကောရောနှောစိုက်ခင်း၊ ပိန်းဥနှင့် ပိန္နဲရောနှောစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ကာလတို (၅)နှစ် အမျိုးသားစီးပွားရေးစီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းများကို စီမံကိန်းလျာထားချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် ဘဏ္ဍာငွေ အရအသုံးဥပဒေပါ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ လုပ်ငန်းဌာန တစ်ခုချင်းအလိုက် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး ရန်ပုံငွေ ရငွေ ခေါင်းစဉ်အောက်သို့ လျာထားချက်အတိုင်း အပြည့်အဝ ရရှိပေးသွင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အသုံးစရိတ်ငွေများကိုလည်း လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် ဘဏ္ဍာငွေစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှန်ကန်စွာဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းဇယားဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများအတိုင်း အထူးဂရုပြု၍ လိုက်နာသုံးစွဲကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေအပေါ်တွင် မသမာမှု လုံးဝမဖြစ်ပေါ်ရေး အလွဲသုံးစားမှု လုံးဝမဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေကြေးများကို ခြိုးခြံချွေတာပြီး အမှန်တကယ် လုပ်ဆောင်အကောင်အထည်ဖော်ရန်လိုအပ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထိရောက်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဌာနတစ်ခုချင်းစီ၏ ရငွေ၊ သုံးငွေကဏ္ဍအလိုက် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်
ကိုရီးယားသမ္မတနိုင်ငံ၌ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးရန်၊ စက်မှုလုပ်ငန်းများ လေ့လာရန်နှင့် Pukyong National University မှ ချီးမြှင့်မည့် နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ယူရန် ကိုရီးယားသမ္မတနိုင်ငံသို့ မတ် ၃၀ ရက် ညပိုင်းတွင် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၃၁ ရက်တွင် Daewoo International Co., Ltd. သို့ သွားရောက်ပြီး DAEWOO ဥက္ကဋ္ဌနှင့်တွေ့ဆုံကာ စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်လိုသည့် ဘိလပ်မြေ ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် သံမဏိလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဧပြီ ၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍရပ်များတွင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံရေး ဆွေးနွေးခဲ့သည်။ ထို့နောက် Kukje Machinery Co., Ltd. သို့ သွားရောက်၍ စက်ရုံ၌ လယ်ယာသုံးပစ္စည်းများအား ကြည့်ရှုလေ့လာပြီး ကုမ္ပဏီဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂ ရက်တွင် POSCO သံမဏိစက်ရုံ၌ ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ကြည့်ရှုလေ့လာပြီး POSCO နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၃ ရက်တွင် Pukyong National University ဥက္ကဋ္ဌနှင့် တွေ့ဆုံပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကာ Pukyong National University ၏ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ပြီး Honorary Doctorate Degree of Political Science (နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့) ကို လက်ခံခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၄ရက်တွင် Hyundai Heavy Industry နှင့် Offshore ရေနံတွင်းတူးစင် Platforms များ တည်ဆောက်မှု လုပ်ငန်းခွင်တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Surbana အပြည်ပြည်ဆိုင်ရာအကြံပေးကုမ္ပဏီရုံးခွဲဖွင့်

ရန်ကုန် ဧပြီ ၇

Surbana အပြည်ပြည်ဆိုင်ရာ အကြံပေးကုမ္ပဏီရုံးခွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Surbana အပြည်ပြည်ဆိုင်ရာ အကြံပေးကုမ္ပဏီ အမှုဆောင်အရာရှိ Mr. Pang Yee Ean က အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တွင် ရုံးခွဲဖွင့်လှစ်ခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာနနှင့် အမျိုးသား ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Lee Yi Shyan နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက Surbana ကုမ္ပဏီရုံးခွဲဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသားများအတွက် Surbana ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စင်ကာပူဒေါ်လာ ၁၀၀၀၀ လှူဒါန်းရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က လက်ခံသည်။

Surbana ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသောငါးပြတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် စီမံကိန်းတွင် အိမ်ခြေပေါင်း ၁၉၀၀၀ ကို Myanmar Aquarnum ကုမ္ပဏီနှင့်အတူ ဆောက်လုပ်သွားမည်ဟု သိရသည်။

(သတင်းစဉ်)

✻ တစ်နိုင်ငံလုံးမှ

ယနေ့ ဆွေးနွေးပွဲတွင် အခန်း(၁) အခြေခံမူများ၊ အခန်း(၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ အခန်း(၃) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စများ၊ အခန်း(၄) ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးခိုင်မာအောင် ဆောင်ရွက်ခြင်းနှင့် အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များမှ အချက်အချို့ကို ရင်းနှီးခင်မင်စွာ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) မှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(Myanmar Peace Center) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီး မီဒီယာတွေ့ဆုံပွဲတွင် NCCT မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဖဒိုစောကွယ်ထူးဝင်းက "မူကြမ်းတစ်ခုတည်းရရှိဖို့ ဆွေးနွေးပြီးသွားတဲ့ အပိုင်းတွေမှာ ညှိနှိုင်းနိုင်ခဲ့တယ်။ တချို့အချက်တွေက သဘောမတူဘူးဆိုတဲ့ အနေအထားတော့မဟုတ်ဘူး။ ပြန်လည်ဆွေးနွေးရမယ့် အနေအထား၊ အချက်တွေရှိတယ်။ သူ့အမြင်၊ ကိုယ့်အမြင်တွေကို တင်ပြတဲ့နေရာမှာ နားလည်မှုတွေ တိုးတက်လာတဲ့အတွက် အခန်းကဏ္ဍတော်တော်များများကို ပြီးစီးအောင် ဆွေးနွေးနိုင်ခဲ့တယ်။ ယခုဆွေးနွေးပွဲက အားရမှုရှိတဲ့ ဆွေးနွေးညှိနှိုင်းမှုတစ်ခုလို့ မြင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန Myanmar Peace Center မှ ဦးလှမောင်ရွှေက "နှစ်ဖက်သဘောတူထားတဲ့ မူကြမ်းပထမအဆင့်ဖြစ်တဲ့အတွက် အချို့အချက်တွေ ပြန်ပြီးညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ အရှိန်ရလာတာနဲ့အမျှ နှစ်ဖက်ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ရှိလာတယ်။ လိုအပ်တာက အချိန်နဲ့ သဘောထားအချို့ကို ညှိနှိုင်းဖို့ ကျန်နေတာပဲဖြစ်ပြီး မနက်ဖြန်ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) မှ ဗိုလ်မှူးကြီးခွန်ဥက္ကာအား တွေ့ဆုံမေးမြန်းရာတွင် "အခုလို ဆွေးနွေးပွဲတွေ လုပ်နေရတာဟာ သန်း ၆၀ သော ပြည်သူတွေ ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် စဉ်းစားပြီးလုပ်တာဖြစ်ပါတယ်။ ပဋိပက္ခတွေက တိုင်းရင်းသားတွေပဲ ထိခိုက်တာ မဟုတ်ဘူး။ ပြည်သူတွေအကုန်လုံးကို ထိခိုက်တယ်။ နစ်နာတယ်။ ဆင်းရဲမွဲတေတယ်။ အဲဒါတွေကို ကုစားနိုင်ဖို့ တည်ငြိမ်အေးချမ်းမှုရဖို့လိုတယ်။ ပြည်တွင်းစစ်မှာ အသုံးစရိတ်တွေ အများကြီးသုံးခဲ့တာကိုလျှော့ပြီး ပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ သုံးလိုက်မယ်ဆိုရင် ပြည်သူတွေရဲ့ ဘဝ ပြန်ပြီးနာလန်ထူလာနိုင်မယ်။ ပြည်သူအားလုံးရဲ့ရှေ့ရေးအတွက် အခုလို ကြိုးစားဆွေးနွေးနေတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဧပြီ ၈ ရက်တွင် ယင်းဆွေးနွေးပွဲ စတုတ္ထနေ့အဖြစ် အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များမှ နောက်ဆုံးအပိုဒ်၊ အခန်း(၆) ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အခန်း(၇) အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဟုလည်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် အာဆီယံ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန်အတွက် မေ ၆ ရက် ည ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ တရုတ်လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန်နံနက် ၅ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hong Liang နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ ဦးစိုးဟန်နှင့် သံရုံးဝန်ထမ်းမိသားစုများက ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ HIV/ AIDS လူနာများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ HIV/ AIDS လူနာများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်အတွင်း HIV/ AIDS လူနာများအား အေအာ(ရ်)တီဆေးဝါးများအဆက်မပြတ်ပံ့ပိုးပြီး အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ဦးဆောင်သောအဖွဲ့က ရခိုင်ပြည်နယ်သို့ မတ် ၂ ရက်မှ ၄ ရက်အထိ သွားရောက်၍ HIV/ AIDS လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ ငှက်ဖျားနှင့် တီဘီရောဂါကာကွယ်ကုသခြင်း၊ လူနာလွှဲပြောင်းကုသခြင်း၊ ရွေ့လျားဆေးအဖွဲ့များအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း HIV/ AIDS လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ရန်အတွက် စီစဉ်ထားရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းရာ ၎င်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ HIV/AIDS လူနာတွေကို ကျန်းမာရေးဝန်ကြီးဌာနက အေအာ(ရ်)တီဆေးနဲ့ ဆက်လက်ကုသပေးဖို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ မတ် ၂ ရက်မှာ ညှိနှိုင်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ HIV/AIDS လူနာများအဖွဲ့ဖြစ်တဲ့ Positive Network (UTOPIA) အဖွဲ့ရဲ့ တာဝန်ခံကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ သူတို့ကို ဝန်ကြီးဌာနက အေအာ(ရ်)တီဆေးဝါးများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးဖို့ တာဝန်ယူဆောင်ရွက်မယ်ဆိုတာ မတ် ၂ ရက်က ဆွေးနွေးပြောကြားခဲ့တဲ့အခါမှာ အဖွဲ့တာဝန်ခံတွေက သဘောတူခဲ့ပါတယ်။

"ရခိုင်ပြည်နယ်မှာ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Holland) ကို ကျန်းမာရေးစောင့်ရှောက်မှု ခေတ္တရပ်ဆိုင်းဖို့ ညွှန်ကြားချက်မထုတ်ပြန်မီကာလမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စစ်တွေမြို့ ပြည်နယ်ဆေးရုံကြီးမှာ HIV/AIDS လူနာ ၉၃ ဦး၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Holland)က စစ်တွေမြို့ရှိ ၎င်းတို့၏ ဆေးခန်းမှာ လူနာ ၃၄၀၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ လူနာ ၄၀၆ ဦးကို အေအာ(ရ်)တီဆေးဝါးများပေးပြီး ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက စစ်တွေမြို့နယ်မှာ လာရောက်ကုသမှုခံယူနေတဲ့ လူနာတွေကို စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးနဲ့ မင်းဂံကျန်းမာရေးဌာနမှာ HIV/AIDS လူနာစုစုပေါင်း ၄၃၃ ဦးကို အေအာ(ရ်)တီဆေးဝါးပေးခြင်းနဲ့ အခြားလိုအပ်တဲ့ ကုသမှုများပေးဖို့ စီစဉ်ထားရှိပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

"ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်က လူနာတွေကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ဆေးရုံတွေမှာ အေအာ(ရ်)တီ ဆေးဝါးများပေးပြီး ကုသခြင်းလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါတယ်။

"လိုအပ်တဲ့ဆေးဝါးတွေကို ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံအတွက် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနကို တိုးချဲ့ထောက်ပံ့မယ့် လူနာ ၁၀၀၀၀ စာ အေအာ(ရ်)တီ ဆေးဝါးတွေထဲက ရယ်၊ ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်နဲ့ ဝယ်ယူထားရှိတဲ့ လူနာ ၄၀၀ စာ အေအာ(ရ်)တီဆေးဝါးတွေထဲကရယ် အသုံးပြုဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက HIV/AIDS လူနာများကို တိုးချဲ့တာဝန်ယူကုသရန်အတွက် သမားတော်များ၊ ဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်သူများနှင့် ဆေးလူမှုဆက်ဆံရေးမှူးများအား စစ်တွေမြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များတွင် လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဆင့်ပွားသင်တန်းပို့ချပေးခြင်းများကို မတ် ၂ ရက်မှ ၁၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်များက ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အေအာ(ရ်)တီ ဆေးဝါးများနှင့် ကုသမှုပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အထောက်အပံ့များပေးခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ထားရှိပြီး စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကျန်းမာရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးအား ဆက်သွယ်မေးမြန်းရာ ၎င်းက ပြောကြားရာတွင် "မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ လူနာတွေကို ကုသရာမှာ အထောက်အပံ့ဖြစ်စေမယ့် သွေးစစ်ဆေးတဲ့ CD 4 စက်တစ်လုံးကို ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်နဲ့ ဝယ်ယူထားရှိပြီးဖြစ်ပါတယ်။ အဲဒီစက်ကို ဒီလအတွင်း မောင်တောခရိုင် ပြည်သူ့ဆေးရုံမှာတပ်ဆင်ပြီး HIV/AIDS လူနာတွေ ဆေးကုသမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ဖို့ စီစဉ်ထားရှိပါတယ်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတွေ ကူးစက်ရောဂါများနဲ့ ဖြစ်ပွားသေဆုံးမှုမရှိစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုကောင်းမွန်စေဖို့အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောပြခဲ့သည်။

လက်ရှိတွင် စစ်တွေမြို့နယ်၌ HIV/AIDS လူနာ ၃၀၀၊ မောင်တောမြို့နယ်တွင် ၆၉ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၃၃၇ ဦး စုစုပေါင်း ၇၀၆ ဦးအား အေအာ(ရ်)တီ ဆေးဝါးများဖြင့် ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❋ ရွှေ့ဖုံးမှ

ကချင်ပြည်နယ်ရှိ ကျေးရွာများအနက် ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့သော ကျေးရွာ ၂၃၁ ရွာတွင် မေ ၂ ရက်မှစတင်၍ တပ်မတော်၏ လုံခြုံရေးအစောင့်အရှောက်ဖြင့် စာရင်းကောက်ယူခဲ့ရာ မေ ၆ ရက်အထိ ကျေးရွာပေါင်း ၅၆ ရွာတွင် ကောက်ယူပြီးစီးခဲ့ပြီး ကျန် ၁၇၅ ရွာအား ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရှိ ကျေးရွာများအနက် ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့သော ကျေးရွာ ၅၄ ရွာတွင် တပ်မတော်၏ လုံခြုံရေးအစောင့်အရှောက်ဖြင့် စာရင်းကောက်ယူခဲ့ရာ မေ ၆ ရက်အထိ ကျေးရွာ ၃၇ ရွာတွင် ကောက်ယူပြီးစီးခဲ့ပြီး ကျန် ၁၇ ရွာအား ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၇ ရက်က ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမအများဆုံး ထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(ကြေးမုံ)

အထက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၇

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

နေပြည်တော် မေ ၇

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ မေ ၄ ရက် ညနေပိုင်းတွင် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်နှင့် အဖွဲ့ဝင်များသည် လောက်ကိုင်ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး လောက်ကိုင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်၊ ကုန်းကြမ်း၊ ချင်းရွှေဟော်နှင့် မော်လိုက်မြို့နယ်တို့၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှု၊ မတ် ၃၀ ရက်မှ မေ ၃ ရက်အထိ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပြီးစီးမှု၊ စာရင်းကောက်ရာတွင် ဒေသခံဘာသာစကားကျွမ်းကျင်သူများအား စာရင်းကောက်များနှင့် ပေါင်းစပ်ဆောင်ရွက်မှု၊ သတ်မှတ်ရက်အတိုင်း ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်က ဖြည့်သွင်းကောက်ယူပြီးဖြစ်သော မေးခွန်းပုံစံများအား ရုံးချုပ်သို့ဆက်လက်ပေးပို့မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုနှင့်ကော်မတီအဆင့်ဆင့်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှု၊ ဒေသခံဘာသာစကားကျွမ်းကျင်သူများ ပံ့ပိုးပါဝင်နိုင်ရေး စီစဉ်ပေးမှုအခြေအနေများနှင့် လုပ်ငန်းစဉ်တစ်ရပ်လုံး အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ ဒုတိယမြောက်လုပ်ငန်းစဉ်ဖြစ်သော မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းအား နိုင်ငံတစ်ဝန်းလုံး၌ မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ အရေးကြီးဆုံးမှာ ပြည်သူအားလုံး ပူးပေါင်းပါဝင်ရေးနှင့် သန်းခေါင်စာရင်းမေးခွန်းများကိုမှန်မှန်ကန်ကန် ဖြေကြားခြင်းပင်ဖြစ်ပါကြောင်း၊ သို့မှသာ ရရှိလာမည့် ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ပြီး ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမှုများ အပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းစဉ်တစ်ရပ်လုံး အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ချင်းရွှေဟော်မြို့ အမှတ်(၁)ရပ်ကွက်၌ စာရင်းကောက်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များက ဒေသခံပြည်သူများအား တစ်အိမ်တက်ဆင်းဖြင့် သန်းခေါင်စာရင်း မေးခွန်းများ မေးမြန်းကောက်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မေးမြန်း၍ သန်းခေါင်စာရင်း မေးခွန်းများအား မှန်မှန်ကန်ကန် ဖြေကြားနိုင်ရေး ရှင်းလင်းပြောကြားပြီးယင်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၄ ရက် ညပိုင်းတွင် လောက်ကိုင်မြို့ ဧည့်ရိပ်သာ၌ လောက်ကိုင်ခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်အစိုးရ၏ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ မိမိတို့ဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ဌာန၏ ရည်မှန်းချက် တာဝန်သုံးရပ်အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်နေမှုများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာအရင်းခံဖြင့် ဆောင်ရွက်ကြရေးနှင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လားရှိုးမြို့နယ်အတွင်း သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုကြည့်ရှု သိန်းနီမြို့၌ စာရင်းကောက်များအား လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မေ ၇

ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်း၏ (၆)ရက်မြောက်နေ့ဖြစ်သော မေ ၄ ရက် နံနက်ပိုင်းတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ရောက်ရှိပြီး လားရှိုးမြို့ အမှတ်(၁၂) ရပ်ကွက်ရှိ သပြေ အမျိုးသမီးဘော်ဒါဆောင်၌လည်းကောင်း၊ လားရှိုးမြို့နယ်အိုမိတ်ကျေးရွာ၌လည်းကောင်း စာရင်းကောက်များနှင့်အတူ ရပ်ကွက်၊ ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက အဆောင်နေကျောင်းသူများနှင့် ကျေးရွာပြည်သူများအား သန်းခေါင်စာရင်း မေးခွန်းများ မေးမြန်းကောက်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာရင်းစစ်များနှင့် အဖွဲ့ဝင်များအား လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များ မေးမြန်းကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် ရရှိမည့်အကျိုးရလဒ်များကို ရှင်းလင်းပြောကြားပြီးနောက် သန်းခေါင်စာရင်းအကြောင်းဖြေကြားနိုင်သူအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် ကွမ်းလုံမြို့ ခိုလှုံရပ်ကွက် သန်းခေါင်စာရင်းကွပ်ကဲရေးရုံးသို့ရောက်ရှိပြီး ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များနှင့် စာရင်းစစ်၊ စာရင်းကောက်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း(၃၀)ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရသည့်အတွက် နိုင်ငံ၏အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခွင့်ရရှိကြသူများအဖြစ် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဗဟိုဘဏ်ရုံးအနီး ဘုရားဖူးယာဉ်တစ်စီး တောင်စောင်းနှင့်တိုက်မိ

နေပြည်တော် မေ ၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းဘက်(မြောက်အရပ်)မှ ကြာပန်းအဝိုင်းဘက်(တောင်ဘက်)သို့ ရာဇသင်္ဂဟလမ်းမကြီးအတိုင်း မောင်းနှင်လာသည့် DD/---- HYUNDAI STAREX MINIBUS (မီးခိုးရောင်) ဘုရားဖူးယာဉ်သည် ယနေ့နံနက် ၅ နာရီခန့်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံးအနီးသို့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက် ပလက်ဖောင်းအားကျော်တက်ကာ ပေ ၁၀၀ ခန့်အကွာအဝေးရှိ တောင်စောင်းနှင့်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်မှာ ဦးခေါင်းပိုင်းပျက်စီးပြီး ယာဉ်ပေါ်ပါ ခရီးသည် ၂၁ ဦးအနက် ဖျာပုံမြို့ အပြောင်ရွာနေ မဆုပြည့် (၇)နှစ်မှာ သေဆုံးခဲ့ကြောင်း၊ ကျန်ခရီးသည် ၂၀ မှာ ဒဏ်ရာရရှိခဲ့သဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယာဉ်မောင်း ဦးပိုင်ပိုင်မှာ အခင်းဖြစ်သည့်အချိန်တွင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူသို့ အသိပေးတင်ပြခြင်း

နေပြည်တော် မေ ၈

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မတ် ၃၀ ရက်မှစ၍ မေ ၄ ရက်အထိ ၆ ရက်တာကာလအတွင်း ကောက်ယူပြီးစီးသည့် အိမ်ထောင်စုအရေအတွက်မှာ ၈၀၆၈၀၈၉ စုဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၇၈ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် တည်ငြိမ်အေးချမ်းစွာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက်ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

ကချင်	-	၇၀ ဒသမ ၃ ရာခိုင်နှုန်း
ကယား	-	၇၀ ဒသမ ၇ ရာခိုင်နှုန်း
ကရင်	-	၇၂ ဒသမ ၆ ရာခိုင်နှုန်း
ချင်း	-	၆၉ ဒသမ ၅ ရာခိုင်နှုန်း
စစ်ကိုင်း	-	၈၀ ရာခိုင်နှုန်း
တနင်္သာရီ	-	၈၀ ဒသမ ၄ ရာခိုင်နှုန်း
ပဲခူး	-	၈၀ ရာခိုင်နှုန်း
မကွေး	-	၇၆ ဒသမ ၂ ရာခိုင်နှုန်း
မန္တလေး	-	၈၂ ဒသမ ၄ ရာခိုင်နှုန်း
မွန်	-	၇၇ ဒသမ ၈ ရာခိုင်နှုန်း
ရခိုင်	-	၆၃ ဒသမ ၄ ရာခိုင်နှုန်း
ရန်ကုန်	-	၈၄ ဒသမ ၁ ရာခိုင်နှုန်း
ရှမ်း(တောင်)	-	၈၁ ဒသမ ၄ ရာခိုင်နှုန်း
ရှမ်း(အရှေ့)	-	၇၉ ဒသမ ၈ ရာခိုင်နှုန်း
ရှမ်း(မြောက်)	-	၇၃ ဒသမ ၆ ရာခိုင်နှုန်း
ဧရာဝတီ	-	၇၃ ရာခိုင်နှုန်း
နေပြည်တော်	-	၈၀ ရာခိုင်နှုန်း

စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်ညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသူအားလုံးကို သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။ အိမ်ထောင်စုပုံစံဖြင့် နေထိုင်သူများကို မေးခွန်း(၄၁)ချက်ပါပုံစံဖြင့် လည်းကောင်း၊ အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများနှင့် အိမ်ခြေယာခြေမဲ့များကို မေးခွန်း(၁၁)ချက်ပါ ပုံစံဖြင့်လည်းကောင်း ကောက်ယူလျက်ရှိကြောင်း သိရှိရသည်။

၂၀၁၄ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းသည် ဧပြီလ ၁၀ ရက်နေ့တွင် ပြီးဆုံးတော့မည်ဖြစ်ပါသဖြင့် ဧပြီလ ၁၀ ရက်နေ့အထိ မိမိအိမ်ထောင်စု/အဖွဲ့အစည်းများတွင် သန်းခေါင်စာရင်း လာရောက်ကောက်ယူခြင်းမခံရသေးပါက နီးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီရုံး (သို့မဟုတ်) သန်းခေါင်စာရင်းကွပ်ကဲမှုရုံးများသို့ အကြောင်းကြား၍ သန်းခေါင်စာရင်းအကောက်ခံနိုင်ရေး ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

မိုးညှင်းခရိုင်၌ သန်းခေါင်စာရင်းကောက်ယူ၍မရသော ကျေးရွာတစ်ရွာ၌ စာရင်းကောက်ယူနိုင်ပြီ

မိုးညှင်း မေ ၇

ကချင်ပြည်နယ် မိုးညှင်းခရိုင်၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိသော ကျေးရွာများအနက် မိုးကောင်းမြို့နယ် ဆွတ်လျံကျေးရွာအတွက် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မေ ၆ ရက် ညနေ ၃ နာရီတွင် သက်ဆိုင်ရာ စစ်ရှောင်စခန်း၌ စတင်ကောက်ယူနိုင်ပြီဖြစ်ကြောင်း ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်ဝင်းကပြောသည်။

"ကျန်ရှိတဲ့ ကျေးရွာတွေကိုလည်း သန်းခေါင်စာရင်းကောက်ယူနိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသား အကျိုးဆောင်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုးညှင်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင် ဦးတင်စိုးတို့သည် ကျန်ရှိသည့် ကျေးရွာများတွင် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး မိုးကောင်းမြို့နယ်၌ ညှိနှိုင်းဆွေးနွေးပြီး ဖားကန့်မြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်ဦးစီးအရာရှိ ဦးဇော်မင်း၊ ကာမိုင်းမြို့နယ်ခွဲဦးစီးဌာနမှူး ဦးထက်နိုင်လွင်တို့နှင့်အတူ သွားရောက်ကွင်းဆင်းကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော် (ဖားကန့်)

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး စတင်တည်ထောင်ခဲ့သည့်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၆၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးခြားချက်မှာ မြန်မာနိုင်ငံပိုလီယိုရောဂါကင်းစင်ပပျောက်ရေးအထိမ်းအမှတ်အခမ်းအနားကိုပါ ပူးတွဲကျင်းပခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံအား ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ပိုလီယိုရောဂါကင်းစင်ပပျောက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့်ပြည်သူလူထုအားလုံးကိုယ်စား လက်ခံရယူခဲ့ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားတွင် ပြောကြားသည်။**(အပေါ်ဓါတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထူးခြားသည့် အောင်မြင်မှုများမှာ ၂၀၀၃ ခုနှစ်ဖေဖော်ဝါရီ ၆ ရက်တွင် အနာကြီးရောဂါကင်းဝေးအောင်ဆောင်ရွက်နိုင်မှု (Leprosy Elimination)၊ ၂၀၁၀ ခုနှစ် မေ ၁၇ ရက်တွင် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းအောင်ဆောင်ရွက်နိုင်မှု (Matermal & Neonatal Tetanus Elimination) နှင့် ယခုနှစ်မတ် ၂၇ ရက်တွင် ပိုလီယိုရောဂါကင်းစင်ပပျောက်အောင်ဆောင်ရွက်နိုင်မှု(Polio Eradication) တို့ပင်ဖြစ်ကြောင်း။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးနေ့နှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်သည် Vector- borne diseases; Small Creatures, Big Threat ဖြစ်ပြီး "ရောဂါပိုးသယ် ပိုးမွှားငယ်၊ သေးငယ်သော်ငြားအန္တရာယ်များ၊ ဝိုင်းဝန်းကာကွယ်ကြစို့လား" ဆောင်ပုဒ်ပင် ဖြစ်ကြောင်း၊ ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားများ အထူးသဖြင့် ခြင်၊ ယင်၊ ဖြုတ်၊ မှက်၊ လှေး၊ ကြမ်းပိုး၊ ခရုတို့၏ အန္တရာယ်များကို ပြည်သူလူထုအတွင်း အသိပညာမြင့်မားလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဥပမာ ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ Chikun gunya ရောဂါ၊ Yellow Fever နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါများပါ ဖြစ်ပွားစေနိုင်သည်ကို ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာရရှိစေရန် အတွက် ရည်ရွယ်ထားကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်စီမံကိန်းများရေးဆွဲပြီး ထိုရောဂါများ၏ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင်များ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါပိုးမွှားများကို ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကိုလည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်သွားကြရန်၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအလိုက် တိုင်းရင်းသား ဘာသာစကားဖြင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ မကြာမီကျရောက်မည့် မင်္ဂလာနှစ်သစ်မှ အစပြု၍ လူသစ်၊ စိတ်သစ်ဖြင့် နိုင်ငံတော်၏ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်နိုင်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ခေတ္တဌာနေကိုယ်စားလှယ်Dr. Krongthong Thimasam ကဖတ်ကြားပြီး မြန်မာနိုင်ငံအတွင်း ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားငယ်များမှတစ်ဆင့်ဖြစ်ပွားသော ကူးစက်ရောဂါများဖြစ်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက်ရောဂါများ ကာကွယ်တားဆီးခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ အောင်မြင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံပိုလီယိုကင်းစင်ပပျောက်ခြင်း အသိအမှတ်ပြုတံဆိပ်ကို ဝန်ထမ်းများနှင့် ပြည်သူလူထုကိုယ်စား ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန်းညွှန့်အား ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ ပိုလီယိုကင်းစင်ပပျောက်ရေးအထိမ်းအမှတ်ပြခန်းငယ်တို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် Symposium ကို ကျင်းပရာ စာတမ်းရှင်များက ကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မေ ၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပနေသော ပထမပြန်စာဖြေဌာနသို့ သွားရောက်၍ စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် စာဖြေ ရဟန်း၊ သာမဏေ၊ သီလရှင်များအားကြည်ညိုကာ အဆင်ပြေမှုရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူကျောင်းတိုက်သို့သွားရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တပုညာနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၅ ရက် ညနေပိုင်းတွင် ကွမ်းလုံမြို့ရှိ ရတနာသီရိရှမ်းကျောင်းသို့ သွားရောက်ပြီး ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒာသီရိအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၅၀)ပြည့် ရွှေရတုလူရည်ချွန်စီမံကိန်းအား ဂုဏ်ပြုဆောင်းပါးပေါင်းချုပ် စာအုပ်များလှူဒါန်း

နေပြည်တော် မေ ၇

လူရည်ချွန်တစ်ဦးဖြစ်သူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့် ရေးသားသည့် "တစ်ကျိပ်ကခေါင်းဆောင်ပါ၊ တစ်ရာကခေါင်းဆောင်မဲ့၊ တစ်ရာကို တစ်ကျိပ်စိုးလို့ မိုးနိုင်ပါရဲ့" ဆောင်းပါး အပါအဝင် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုနှင့်စီးပွားရေးဆိုင်ရာ ဆောင်းပါးပေါင်းချုပ်စာအုပ်အား ၁၉၆၄ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နှစ် (၅၀) ပြည့်မြောက်မည့် ရွှေရတု လူရည်ချွန်စီမံကိန်းအား ဂုဏ်ပြုသောအားဖြင့် ၂၀၁၄ ခုနှစ်တွင် ရွေးချယ်ဂုဏ်ပြုခံရသည့် ဘက်စုံထူးချွန်လူငယ် (လူရည်ချွန်) ကျောင်းသား ကျောင်းသူများသို့ မေတ္တာလက်ဆောင်အဖြစ် ချီးမြှင့်ရန်အတွက် ပညာရေးဝန်ကြီးဌာနသို့ စာအုပ် ၆၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး စလင်းမြို့ ဖိုးကော်ဇံစာကြည့်တိုက်၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့တွင်အသုံးပြုရန်အတွက် ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က လှူဒါန်းသည်။

ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်သည် ၁၉၇၈ ခုနှစ်တွင် ရန်ကုန်ဒေသကောလိပ်အမှတ် (၁) ပထမနှစ်လူရည်ချွန်၊၁၉၈၀ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် တတိယနှစ်လူရည်ချွန်နှင့် ၁၉၈၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စတုတ္ထနှစ် လူရည်ချွန်အဖြစ် ရွေးချယ်ချီးမြှင့်ခြင်းခံရသူဖြစ်သည်။ **(သတင်းစဉ်)**



တံဆိပ်အမှတ်အသား သတိပေးတားမြစ်ကြေညာချက်

ရန်ကုန်မြို့၊ မြေနီကုန်း၊ City Mart, G-0.8 တွင် Pork stick အမည်ဖြင့် ဆိုင်ဖွင့်ရောင်းချလျက်ရှိသော ကျွန်ုပ်တို့၏မိတ်ဆွေများမှ Park stick တံဆိပ်အမှတ်အသားကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့်တီထွင်၍ မိမိတို့ပိုင် ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း၊ အမှတ်(၁၄၀)ရှိ Park stick လုပ်ငန်းမှဝက်သားတုတ်ထိုး၊ ဝက်သားနှင့်ဆက်စပ်သော အစားအစာလုပ်ငန်းနှင့်ထုပ်ပိုးခြင်း၊ လုပ်ငန်းအရွယ်အစားအမျိုးမျိုးတို့ကို ဖြန့်ချိလျက်ဈေးကွက်တွင် ကောင်းသောဂုဏ်သတင်းဖြင့် ယနေ့ထိတိုင် ရောင်းချလျက် မိမိတို့မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၁၀၇၄၅/၂၀၁၃(၁၇-၁၀-၂၀၁၃) ရက်တွင် မှတ်ပုံတင်ထားရှိခဲ့ပြီးဖြစ်ပါသည်။

Park n' Stick

၁၀၇၄၅/၂၀၁၃

ယခုအခါ လုပ်ငန်းရှင်အချို့က အထက်ပါတံဆိပ်အမှတ်အသားကို တုပပြုလုပ်၍ ကျွန်ုပ်တို့၏မိတ်ဆွေများထံမှ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ ဆိုင်များဖွင့်လှစ်ခြင်း၊ ထုတ်ဝေဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မြင်တွေ့သိရှိရပါသည်။

သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တုပအသုံးပြု၍ ဆိုင်များဖွင့်လှစ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ပါရန် အသိပေးတားမြစ်လိုက်ပါသည်။

အကယ်၍အထက်တားမြစ်ချက် သတိပေးချက်ကို လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးလွန်ဖောက်ဖျက်နေပါက ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရ နစ်နာကြေးများရရှိရန်သော်လည်းကောင်း၊ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း သက်ဆိုင်သူနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးထက်**(LL.B)** ဒေါ်ငြိမ်းငြိမ်းအောင်**(LL.B)**

အထက်တန်းရှေ့နေ(စဉ်-၂၉၁၉၁) အထက်တန်းရှေ့နေ(စဉ်-၃၃၄၅၈)

အမှတ်(၄၀၅/ခ)၊ အောင်သိဒ္ဓိ(၄)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၇၁၇၇၊ ၀၉-၃၁၂၆၄၀၅၀၊ ၀၉-၅၀၄၂၂၉၆

ကန့်ကွက်နိုင်ပါကြောင်း

မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စုနှင့် လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စုတို့တွင်ရှိသော ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(၂) အကွက်အမှတ်(၂၀၄) စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ+အမည်ပေါက် ဦးသောင်းညွှန့်[၁၂/ဒဂန(နိုင်)၀၁၅၁၆၃]သည် ငွေသွင်းပြေစာများနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာဖိုင်တွဲ ပျောက်ဆုံးနေပါသဖြင့် အသစ်ထပ်မံလျှောက်ထားရန်ရှိပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

ဦးသောင်းညွှန့်[၁၂/ဒဂန(နိုင်)၀၁၅၁၆၃]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ (၁၀)မိုင်ကုန်း၊ အမှတ်(၉၀၈)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေမီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ရီ[၁၂/အစန(နိုင်)၀၅၄၂၆၀]ထံမှ ကျွန်ုပ်တို့မိတ်ဆွေ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာခွေး
LL.B	**LL.B,DBL, DML**	**LL.B,D.B.L**
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၄၉၇)

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၉၄၄၁၅၊ ၀၉-၇၃၁၆၉၃၀၀၊ ၀၉-၇၃၁၅၀၆၄၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖြည့်ဆည်းပေးလျက်ရှိ

ရွှေကျင် မေ ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ကျေးလက် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတို့မှ ရွှေကျင်မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၃၄ ရွာသို့ ဖွံ့ဖြိုးရေးအထောက် အကူပြုလုပ်ငန်း ၃၆ ခု ဆောင်ရွက်ပေးခဲ့သည်။ လမ်း၊ တံတား၊ ရေတွင်း၊ စက်ရေတွင်း **(အပေါ်ပုံ)**မီးသတ်စက်၊ ရေစုပ်စက်၊ စာသင်ခုံ၊ ကမ်းထိန်းတမံစသည်ဖြင့် အမှန် တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ရာ လက်တွေ့ အသုံးဝင်ပြီးအဆင်ပြေမှုများကို ကျေးလက်နေပြည်သူများ ခံစားရသဖြင့် ကျေနပ်ကြကြောင်း၊ နောင်နှစ် ရန်ပုံငွေ များ ရရှိခဲ့လျှင်လည်း ဤသို့ မှန်မှန်ကန်ကန် ဖြည့်ဆည်း ဆောင်ရွက်သွားလျှင် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ ရလာမည်ဟု ယုံကြည်ကြောင်းဖြင့် ဒေသခံများက ပြောကြားသည်။

(ကိုကိုနေ)

ကိုယ်အင်္ဂါမသန်စွမ်းသူများ
အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ရန်ကုန် မြို့၌ အသက် (၁၈)နှစ်မှ (၄၅)နှစ် အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများ အတွက် တစ်နှစ်သင်တန်းဖြစ်သော ရေဒီယိုအီလက်ထရွန်နစ်သင်တန်း၊ သုံးလသင်တန်းများဖြစ်သော စက် ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်း နှင့် ဓာတ်ပုံသင်တန်းများကို မေ ၁၂ ရက်တွင် သင်တန်းအပတ်စဉ် (၁/ ၂၀၁၄-၂၀၁၅) အား ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက် သင်ကြားလိုသူများသည် မသန်စွမ်း သက်ကြီးသင်တန်းကျောင်း အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်း ကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁- ၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၂၅၀၁၇၀၀၂၃ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းနှင့် သင်တန်း တက်ရောက်ခွင့်ရသူများအား လစဉ် ထောက်ပံ့ကြေး၊ အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့် နယ်မှလာရောက် သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေး မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

rD
avmifvlif

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

၁။ ယခုအခါ မိုးကြိုးဘေးအန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုး ဖြစ်လာသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် လျှပ်စီး လက်ခြင်း၊ မိုးခြိမ်းခြင်းများဖြစ်ပေါ်ပါက အောက်ပါအချက်များကို အထူးဂရုပြု လိုက်နာသင့်ပါသည်-

အိမ်အပြင်တွင် ရောက်ရှိနေပါက

(က) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင်ကိုင်မထားပါနှင့်။
(ခ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင် နေပါ။
(ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှ ချက်ချင်း တက်ပြီး လုံခြုံသည့် အခိုအကာနေရာရှာ၍ နေပါ။
(ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့် ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေပါ။
(င) ကွင်းပြင်တွင် ထီးတည်းကြီး မနေပါနှင့်။
(စ) လျှပ်စီးလက်သည်ကို မြင်သည်နှင့် ၁ မှ ၃၀ အထိ ရေတွက်ကြည့်ပါ။ ၃၀ မပြည့်မီ မိုးကြိုးပစ်သံ ကြားရပါက အိမ်ထဲသို့ အမြန်ဆုံး ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏အပေါ်တည့်တည့်တွင် မိုးကြိုးရောက်ရှိနေခြင်းဖြစ်ပါသည်။
(ဆ) သင့်ဆံပင်များ ထောင်နေသည်ဟု စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကို ဒူးပေါ်သို့ ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ။ မြေပေါ်တွင် ပြားပြားဝပ် မှောက်မနေပါနှင့်။ ထိုသို့ မှောက်နေပါက သင့်ခန္ဓာ ကိုယ်သည် ပို၍ကြီးမားသော မိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။
(ဇ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

အိမ်တွင်း၌ရှိနေပါက

(က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေပါ နှင့်။ (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်။)
(ခ) ပြတင်းပေါက်များနှင့် ဝေးကွာသောနေရာတွင် နေပါ။
(ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။
(င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့် ဆက်စပ်သောပစ္စည်းများအတွင်းသို့ လျှပ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့်၊ မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။
(စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများ ကြိုတင်တပ်ဆင်ထားပါ။
(ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ ထွက်ပါ။
(ဇ) မီးပျက်သွားပါက ဓာတ်မီး(သို့မဟုတ်) အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

ကားမောင်းနေပါက

(က) အရှိန်ကို လျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာဆက်နေပါ။
(ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကိုဖွင့်ထားပါ။
(ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့်ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ် ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ဖြစ်သည်။
(ဃ) ကားထဲတွင် မည်သည့် သံ/သတ္တုပစ္စည်းကိုမှမကိုင်ပါနှင့်။
(င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန



မြန်မာ့ဆက်သွယ်ရေးကွန်ရက်အများပိုင်ကုမ္ပဏီလီမိတက်
ပထမအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်၏ ပထမအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရှယ်ယာရှင် များအားလုံးထံသို့ စာတိုက်မှတစ်ဆင့် ဖိတ်စာများပေးပို့ထားပါကြောင်း အကြောင်းကြားအပ်ပါသည်။ အစည်းအဝေးသို့ ဖိတ်စာနှင့်တကွ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ
ကျင်းပမည့်နေရာ - ဇမ္ဗူရစ်ရွှေစင်ခန်းမ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရန်ကင်းစင်တာအနောက်ဘက်၊ စက်မှု(၁)လမ်း၊ ရန်ကင်းမြို့နယ်

မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

၁။ Semi-Government Bank တစ်ခုဖြစ်သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် နိုင်ငံခြားငွေအပါအဝင် ဘဏ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မတည်ငွေရင်းတိုးမြှင့်ရန် အစုရှယ်ယာများကို ရောင်းချသွားမည်ဖြစ်ပါသည်။ အစုရှယ်ယာတစ်စုကို တန်ဖိုးကျပ်(၅၀၀၀)ဖြင့် ၁၅%ပရီမီယံ (Premium)တောင်းခံရယူ၍ ဝယ်ယူခွင့်ပေးမည်ဖြစ်ပါသည်။ Right Issueအရ လက်ရှိအစုရှယ်ယာရှင်များကို ဦးစားပေးရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အစုရှယ်ယာများ ဝယ်ယူရန်စိတ်ပါဝင်စားသူ မည်သူမဆို ၁၀-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ဆက်သွယ်၍ လိုအပ်သောပုံစံများ ရယူဖြည့်စွက်ပြီး တင်သွင်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်
ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၇၄၆၃၊ ၃၉၁၄၅၄၊ ၂၄၅၉၃၈

ဇာတ်လမ်းကြည့်ရမှာလား၊ ကြော်ငြာကြည့်ရမှာလား?

အငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်သော်ငြားလည်း ဝါသနာနှင့် ဝမ်းရေးအတွက် ကုမ္ပဏီတစ်ခုတွင်ဘာသာပြန် ဝင်ရောက် လုပ်ကိုင်လျက်ရှိသော စာရေးသူအနေဖြင့် တစ်နေ့တာ စိတ်ပင်ပန်းမှုကို ပြေပျောက်စေရန် အိမ်ပြန်ရောက်ချိန်တွင် မြန်မာ့အသံ၊ မြဝတီ၊ MRTV-4 နှင့် Channel-7 စသည့် TV အစီအစဉ်အချို့နှင့်ညစဉ် စိတ်ပန်းဖြေလေ့ရှိပါသည်။ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အတူ စာရေးသူတို့နိုင်ငံတွင် ယခင်က မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီ TV အစီအစဉ်များကိုသာ အဓိကအားထား ကြည့်ရှုခဲ့ကြရသော်လည်း လွန်ခဲ့သောငါးနှစ်ကျော်ခန့်ကစ၍ MRTV-4၊ SKY Net၊ Myawddy Set Top Box စသည့် ရုပ်သံလွှင့်အစီအစဉ်များ ထပ်မံပေါ်ထွက်လာခဲ့ရာ ရုပ်မြင်သံကြားကြည့်ပရိသတ်များအတွက် ကြည့်ရှုစရာရွေးချယ်စရာ ကောင်းနိုးရာရာတို့ကို မိမိတို့နှစ်သက်သလို ရွေးချယ်ကြည့်ရှုခွင့် ရရှိခဲ့ပါသည်။ MRTV နှင့် MWD တို့သည်လည်း ယခုအခါ ယခင်ကထက်ပို၍ ကဏ္ဍစုံလင်စွာ တင်ဆက်ဖျော်ဖြေ လာသည်ကိုလည်း တွေ့မြင်ရပါသည်။ သို့ဖြစ်ပါ၍ ကဏ္ဍစုံလင်စွာဖြင့်ရသစုံလင်စွာတင်ဆက်နိုင်ရေးအတွက် ရုပ်မြင်သံကြားထုတ်လွှင့်ရေးအစီအစဉ် ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းအားထုတ်လုံ့လပြုကြသော ဝန်ထမ်းများကိုအစီအစဉ် ကောင်းများကြည့်ရှုချိန်တွင်ကျေးဇူးတင်မိပါသည်။

ပရိသတ်အများစုသည် တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို စိတ်အပန်းပြေစေရန်နှင့် စိတ်လက်ရွှင်လန်းစေရန်အတွက် မိမိတို့ကိုယ်ပိုင်အချိန်မှအချိန်ယူ၍ ကြည့်ရှုခြင်း

စာရေးသူသည် သတင်းအစီအစဉ်များ၊ Sunday Talk အစီအစဉ်၊ အငြိမ့်ဖျော်ဖြေမှု၊ လူရွှင်တော်ရွှေဖလား၊ ဟာသရုပ်စုံစသည့် ရယ်ရွှင်ဖွယ်ရာ အစီအစဉ်များနှင့် ရုပ်မြင်ဇာတ်လမ်းတွဲအချို့အား ရွေးချယ်ကြည့်ရှု စိတ်ပန်းဖြေလေ့ရှိပါသည်။ ထိုသို့ကြည့်ရှုရာတွင် စာရှုသူများသိရှိသည့်အတိုင်း သတင်းအစီအစဉ်မှလွဲ၍ ကျန်သည့်ရုပ်မြင်ဇာတ်လမ်းတွဲ၊ ရုပ်သံဇာတ်လမ်းတို၊ ဟာသရုပ်စုံ၊ လူရွှင်တော်ရွှေဖလား စသည်တို့အား ဖျော်ဖြေတင်ဆက်ရာတွင် ကြော်ငြာများထည့်သွင်းပြသလေ့ရှိပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များ ကဏ္ဍစုံစွာတင်ဆက်နိုင်ရန် ထိုကဲ့သို့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ၊ ဟာသအစီအစဉ်များတွင် ကြော်ငြာထည့်သွင်းသည်ကို စာရေးသူကိုယ်တိုင် လွန်ခဲ့သည့် (၁၅) နှစ်ခန့်က ရုပ်မြင်သံကြား Channel တစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးဖြစ်သည့်အားလျော်စွာ အထိုက်အလျောက်နားလည်သဘောပေါက်လက်ခံပါသည်။ သို့ရာတွင် ယခုအချိန်ကာလကဲ့သို့ ဇာတ်လမ်းတွဲတစ်ခု၊ အစီအစဉ်တစ်ခုတွင် ကြော်ငြာ အချိန်တစ်ဝက်ခန့် ထည့်သွင်းသည်ကိုတော့ စိတ်အနှောင့်အယှက်အနည်းငယ်ဖြစ်မိပါသည်။ ထိုစဉ်က စာရေးသူသည် ထုတ်လုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်ဖြစ်ရာ ကြော်ငြာထည့်သွင်းမှု အချိန်ကို စည်းကမ်းတကျသတ်မှတ်ထားသည့်အတိုင်းသာ ထည့်သွင်းရပါသည်။ အများအားဖြင့် ရုပ်သံဇာတ်လမ်းတွဲများသည် အချိန် နာရီဝက်၊ ၄၅ မိနစ်နှင့် တစ်နာရီခန့်ကြာမြင့်လေ့ရှိရာ ထိုအချိန်က ကြော်ငြာထည့်သွင်းချိန်မှာ ငါးမိနစ်မှ ၁၀ မိနစ်ခန့်ထိမပိုချေ။ ထို့အပြင် ဇာတ်လမ်းစပြပြီး ငါးမိနစ်၊ ၁၀ မိနစ်ခန့်ကြာသည်နှင့် ကြော်ငြာများ ထည့်သွင်းလေ့မရှိချေ။

ယခုမူ ထိုသို့မဟုတ်တော့ချေ။ ဇာတ်လမ်းတွဲတစ်ခု၊ ဟာသအစီအစဉ်တစ်ခုစတင်၍ Title ထိုးပြီး ငါးမိနစ်ခန့်ကြာသည်နှင့် ကြော်ငြာဝင်ပါတော့သည်။ ထိုသို့ကြော်ငြာဝင်ချိန်မှာလည်း အနည်းဆုံး ငါးမိနစ်ခန့်ကြာပါသည်။ ထို့ကြောင့် ကြော်ငြာတစ်ဝက် ဇာတ်လမ်းတစ်ဝက်ပါသည့် ဇာတ်လမ်းကို စိတ်ရှည်သည်းခံကာကြည့်ရပါတော့သည်။ ရုပ်မြင်သံကြား ကြည့်ရှုသူပရိသတ်ကို လေးစားဖို့ကောင်းပါသည်။ ပရိသတ်အများစုသည် တစ်နေ့တာပင်ပန်းနွမ်းနယ်သမျှကို စိတ်အပန်းပြေစေရန်နှင့် စိတ်လက်ရွှင်လန်းစေရန်အတွက်မိမိတို့ကိုယ်ပိုင်အချိန်မှအချိန်ယူ၍ ကြည့်ရှုခြင်းဖြစ်ပါသည်။ ဇာတ်ရှိန်ကောင်းချိန်တွင် စပွန်ဆာကြောင့်ကြော်ငြာကို သတိထားမိစေရန် ထည့်သွင်းရသည်ဆိုသော်လည်း ကြော်ငြာထည့်ချိန် ထိုမျှလောက်အချိန်မယူသင့်ပေ။ ထို့အပြင် ကြော်ငြာတစ်မျိုးတည်းကို အကြိမ်ကြိမ်အထပ်ထပ်အခါခါ ထည့်သွင်းထားရာ ကြည့်ရှုရသူများ စိတ်ကသိကအောက်ဖြစ်ရပါသည်။ ထိုအချက်ကို ရုပ်မြင်သံကြားထုတ်လွှင့်သူများအနေဖြင့် ပြန်လည်သုံးသပ်စဉ်းစားသင့်လှပေသည်။ ဖြစ်နိုင်လျှင် ဇာတ်လမ်းတွဲ Title ထိုးပြီးသည်နှင့် ကြော်ငြာအားလုံးကို တစ်ဆက်တည်းပြသပြီးနောက် ဇာတ်လမ်းကို ဆက်တိုက်ပြသစေလိုပါသည်။ မည်သည့်အရာမဆို အစွန်းတရားနှစ်ပါးမှလွတ်ကင်းစေရန်ချင့်ချိန်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါသည်။ ဤစာစုကို ယခုကဲ့သို့ရေးသားရခြင်းမှာ လူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးလိုသော ဆန္ဒအလျဉ်းမရှိပါ။ ရုပ်မြင်သံကြားကြည့်ပရိသတ်အများစုကိုယ်စား ရုပ်မြင်သံကြားကြည့်ပရိသတ်တစ်ဦး၏ စိတ်ခံစားမှုကို နားလည်သိရှိစေရန်အတွက်သာ ဖြစ်ပါသည်။

နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများတွင် မြဝတီမှ ထုတ်လွှင့်ခဲ့သော "တရားသူကြီးပေါင်ချိန်" ဇာတ်လမ်းတွဲနှင့် ပရိသတ်က ဇာတ်လမ်းတွဲတွင် ပါဝင်ခဲ့သော မျောက်မင်းဝူခုန်းကိုအစွဲပြု၍"ဝူခုန်း"ဇာတ်လမ်းတွဲဖြစ်သည့် အနောက်သို့ခရီးရှည်ကြီး (The Long Journey to the West) တို့မှာ လူကြိုက်များသည်။ ထို့နောက်တွင် အွန်စော၊ ဂျွန်စောတို့ပါဝင်သည့် "ဆောင်းဦးရွက်ကြွေ ချစ်သက်သေ" ကဲ့သို့ ကိုရီးယားဇာတ်လမ်းတွဲမှာလည်း လူကြိုက်များခဲ့သည်။ ထို့နောက်ပိုင်း မြန်မာ့အသံ၊ MRTV-4 နှင့် MWD အပြိုင်အဆိုင် ကိုရီးယားဇာတ်လမ်းတွဲများပြသခဲ့သော်လည်း ဇာတ်လမ်းတွဲအများစုမှာ မြန်မာ့ယဉ်ကျေးမှုနှင့်ဆီလျော်မှုမရှိသော အိမ်ထောင်ရေး ဇာတ်လမ်းတွဲများဖြင့် ဖန်တစ်ရာတေလာခဲ့ရာ ထိုသို့သော ဇာတ်လမ်းများအားငြီးငွေ့လာသော ရုပ်မြင်သံကြားကြည့်ပရိသတ်များအတွက် မြန်မာ့ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူးတင်ဆက်လာမှုကို ငံ့လင့်ကြိုဆိုခဲ့ကြပြီး စောင့်မျှော်အားပေးကြည့်ရှုခဲ့ပါသည်။ သို့သော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကိုရီးယားဇာတ်လမ်းတွဲများလိုပင် ဇာတ်လမ်းကြာမြင့်ချိန်၏ ထက်ဝက်ခန့်အား ကြော်ငြာထည့်သွင်းပြသမှုသည် မည်သည့်အတွက်ကြောင့်ဖြစ်စေ မသင့်တော်ဟု ယူဆမိပါသည်။ လွန်ခဲ့သည့် လများက MRTV-4 မှ မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုအား အချိန်ဆွဲဆန့်ကာ ကြော်ငြာများစွာ ထည့်သွင်း၍ အပိုင်း-၅၀ ကျော်ဖြင့်တင်ဆက်ခဲ့မှုကို ပြန်လည်သုံးသပ်ဆင်ခြင်ရန်အကြံပြုလိုပါသည်။ ယခုအခါ ဖေဖော်ဝါရီ ၁၀ရက်မှစ၍ "ထာဝရမန္တလေး" ဆိုသော ဇာတ်လမ်းတွဲတစ်ခု တင်ဆက်နေပြီဖြစ်ရာ စာရေးသူသည် ယခင်ရက်များက ထုတ်လွှင့်ပြသမှုကို အချိန်မအားလပ်မှုနှင့် အကြောင်းကြောင်းများကြောင့် ကြည့်ရှုခဲ့ခြင်း မရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်လွှင့်ပြသသည့် ယင်းဇာတ်လမ်းတွဲကို ကြည့်ရှုခဲ့ပါသည်။ စာရေးသူ တစ်ဦးတည်းအနေဖြင့်ဆိုရလျှင် ဇာတ်ပို့ဇာတ်ရန် ကောင်းများစွာ ဝန်းရံမျက်နှာသစ် သရုပ်ဆောင်များစွာဖြင့် ပွဲထုတ်ထားသည့် ယခုဇာတ်လမ်းသည် ကြည့်ရှုပြီးချိန်ထိ ဇာတ်အိမ်အရ အတော်အသင့်ကောင်းမွန်ပြီး ရိုက်ကွင်းရိုက်ကွက်များ၊ ဝတ်စားဆင်ယင်မှုများနှင့် စကားလုံးအသုံးအနှုန်းများပို၍ မြန်မာဆန်ဆန်လှပကောင်းမွန်လာသည်ကို တွေ့ရပါသည်။ သို့သော် ယခင်ကလိုပင် ဇာတ်လမ်းပြသချိန် မိနစ် ၅၀ ခန့်တွင် ကြော်ငြာထည့်သွင်းချိန် မိနစ် ၂၀ ကျော်ကြာမြင့်မှုကို ကြော်ငြာ ကုမ္ပဏီများ၊ စပွန်ဆာများနှင့် ထုတ်လွှင့်တင်ဆက်သည့် ရုပ်သံချန်နယ်များအနေဖြင့် စီးပွားရေး၊ ဖျော်ဖြေရေးအရဆိုသော်ငြားလည်း တစ်ဖက်တွင် ကြည့်ရှုသူပရိသတ်၏စိတ်ခံစားမှုနှင့် အချိန်ပေး၍ ကြည့်ရှုမှုတို့အား ငဲ့ကွက်ပြီး 'ရှဉ့်လည်း လျှောက်သာစေ၊ ပျားလည်းစွဲသာစေ'ဆိုသကဲ့သို့ ကြော်ငြာထည့်သူ စပွန်ဆာများလည်း အဆင်ပြေ၊ ကြည့်ရှုသူလည်း အပန်းပြေစေနိုင်ရန် ကြော်ငြာထည့်ချိန်ကို လျှော့ချသင့်ပါကြောင်း ရုပ်မြင်သံကြားကြည့်ပရိသတ်ကိုယ်စားတင်ပြလိုက်ရပါသည်။

လှထွန်းအောင်(ရှပဗေဒ)

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၄-၂၀၁၄ (အင်္ဂါနေ့)

MRTV-4

၅း၀၀	ပဌာန်းပါဠိတော်+မေတ္တာသုတ်		ရှိသောသကြ်န်
၅း၄၀	"အားကိုးမှန်မှ နိဗ္ဗာန်ရ" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)	၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Sotty Digital Cinena 4K မိတ်ဆက်ပွဲ)
၇း၅၀	မင်္ဂလာရှိသော အစဉ်အလာရှိသောသကြ်န်	၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၄၁)
၉း၄၀	ခါသကြ်န်အဆိုအကများ	၈း၀၀	MRTV-4 သတင်း
၁၀း၀၀	ခေတ်သစ်ပျိုမေ	၄း၃၀	နှယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးအနိမ့်နှင့်လခြမ်းပုံပန်းအလှဆင်ခြင်း)
၁၀း၄၅	အနုပညာမိုးကောင်းကင်	၄း၄၅	တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
၁၁း၀၅	သွားမယ်စားမယ် (ရှမ်းရိုးရာစားသောက်ဆိုင်)		
၁၂း၄၀	မင်္ဂလာရှိသော အစဉ်အလာ		

MWD

၆း၀၃	တရားတော်		ချစ်သူဆီ
၆း၁၅	မေတ္တာပို့	၄း၃၅	အင်္ဂလိပ်စာသုတ
၆း၂၅	ဓမ္မပူဇာတေး	၄း၄၅	မြန်မာသံစဉ်ချိုနားဝင်
၆း၃၀	ယောဂ	၅း၀၀	မြန်မာသကြ်န်
၆း၃၅	မျိုးချစ်တပ်မတော်	၆း၀၀	မြဝတီရုပ်မြင်သံကြား သတင်း
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်		ဟာသရုပ်စုံ
၇း၅၅	အမျိုးသားရေး တေးကဗျာ		ယနေ့ညအတွက်
၄း၂၅	အလွမ်းတေးပန်းချီ		မြဝတီ၏ တေးလက်ဆောင်

AFC Challenge Cup 2014 ပြိုင်ပွဲဝင်မည့် ကစားသမားစာရင်း ထုတ်ပြန်

၂၀၁၄ ခုနှစ် မေ ၁၉ ရက်မှ ၃၀ ရက်အထိ မော်လ်ဒိုက်နိုင်ငံတွင် ကျင်းပမည့် AFC Challenge Cup 2014 ပြိုင်ပွဲအတွက် ပဏာမ မြန်မာ့လက်ရွေးစင် လူစာရင်းအား နည်းပြချုပ် အီဗရာမိုဗစ်ချ်မှ ရွေးချယ်ထုတ်ပြန်လိုက်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြအဖွဲ့၌ လက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်း (KBZ F.C)နှင့် ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော် (Ayeyarwady United F.C)တို့ကိုလည်း ရွေးချယ်ထားပြီး ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးသမားများနှင့် နည်းပြနှစ်ဦးတို့အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီအရောက် လေ့ကျင့်ရေးစခန်းသို့ သွားရောက်ရမည်ဖြစ်သည်။

AFC Challenge Cup 2014 ပြိုင်ပွဲဝင် ပဏာမ မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းမှာ ဂိုး-သီဟစည်သူ (ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ဗန်လားဟရွှယ် (နေပြည်တော်)၊ ရန်အောင်လင်း (ဟံသာဝတီ)၊ နောက်တန်း-အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ ဇော်မင်းထွန်း (ရတနာပုံ)၊ ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ စည်သူအောင်၊ အောင်ထိုက် (ရန်ကုန်)၊ ရဲဝင်းအောင် (ရတနာပုံ)၊ သိန်းဇော် (ဖွဲ့ကပင်)၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော် (ရန်ကုန်)၊ မင်းမင်းသူ၊ နေလင်းထွန်း၊ ကျော်မင်းဦး (ဧရာဝတီ)၊ ငြိမ်းချမ်းအောင် (မနောမြေ)၊ ချစ်စုမိုး (ချင်း)၊ ရှေ့တန်း-ရဲအောင်(ဆောက်သမ်းမြန်မာ)၊ ရာဇာဝင်းသိန်း၊ ကျော်ကိုကို (ရန်ကုန်)၊ ကောင်းစည်သူ၊ ရန်ပိုင်(ရတနာပုံ) တို့ကို ရွေးချယ်ထားကြောင်း သိရသည်။

(မောင်မောင်ဇော်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲများ၌ ဖျော်ဖြေခဲ့ကြသည့် ကချင်ပြည်နယ်ကိုယ်စားပြုအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် ဖျော်ဖြေခဲ့သူများ၊ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် တိုင်းရင်းသားမျိုးနွယ်စုစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်ဖြစ်သော **"ပြည်ထောင်စုစိတ်ဓာတ်ဖော်ဆောင်ရေး"** ကို ဆောင်ရွက်ရာ၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပါဝင်ဖျော်ဖြေရန် လေ့ကျင့်ရင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း ရင်းနှီးချစ်ကြည်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ဖြစ်ထွန်းခဲ့ကြသည်ကို အလွန်ပင် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲများတွင် ပါဝင်ဖျော်ဖြေခဲ့သူများအား ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ငွေများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်(မြစ်ကြီးနား)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (၂၀၁၄)ဒုတိယပွဲစဉ် (ရန်ကုန်)တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၇

မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့က ကြီးမှူး၍ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများအား ၂၀၁၄ ခုနှစ် မတ်လမှ စတင်ပြီး နိုင်ဝင်ဘာလအထိ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယူနိုက်တက်အမရဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်အား ၂၀၁၄ ခုနှစ် မေ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး(Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများအား ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ငွေကြေး ကျပ်နှစ်သောင်းနှင့်အတူ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၂၀၃၇၆၇၁ နှင့် ပြိုင်ပွဲကျင်းပမည့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ပြိုင်ပွဲအမည်စာရင်းများကို အချိန်မီ ပေးသွင်းကြပါရန်နှင့် သတ်မှတ်လူဦးရေထက် ကျော်လွန်ပါက ဧပြီ ၃၀ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲ (Myanmar Open Tennis Tournament 2014) ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးညီညီ၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Danai Udomchoke (ထိုင်း)က ဗိုလ်စွဲသွားသည်။ Christopher Rungkat (အင်ဒိုနီးရှား)က ဒုတိယရရှိပြီး Perakiat Siriluethaiwattana(ထိုင်း)နှင့် Aditya Hari Sasongko (အင်ဒိုနီးရှား) တို့က ပူးတွဲတတိယရရှိသွားကြသည်။

အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် Christopher Rungkat (အင်ဒိုနီးရှား) နှင့် Danai Udomchoke (ထိုင်း)အတွဲက ဗိုလ်စွဲသွားသည်။ Nattan Benjasupawan (ထိုင်း)နှင့် Perakiat Siriluethaiwattana (ထိုင်း) အတွဲက ဒုတိယရရှိပြီး မင်းမင်းနှင့် အောင်ကျော်နိုင်(မြန်မာ)အတွဲနှင့် Aditya Hari Sasongko (အင်ဒိုနီးရှား)နှင့် David Agung Susanto (အင်ဒိုနီးရှား)အတွဲ တို့က ပူးတွဲတတိယရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ကြေးမုံ)

ဖခင်အမည်မှန်

နေပြည်တော် အထက(၅)၊ ပဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မကေဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းမော်(၁၂/သဃက(နိုင်)၀၂၂၅၆၉)ဖြစ်ပါသည်။



မတ်လအတွင်း မှုခင်းငါးမျိုးဖြစ်ပွားမှု ၂၄၉၇ မှုရှိ ရန်ကုန်တိုင်းဒေသကြီး၌ အများဆုံးဖြစ်ပွား

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် မတ်လအတွင်း အများဆုံးဖြစ်ပွားခဲ့သည့် မှုခင်းငါးမျိုး၏ စာရင်းဇယားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဧပြီ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်အရ လွန်ခဲ့သည့် မတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖြစ်ပွားမှုအများဆုံး မှုခင်း ငါးမျိုးမှာ လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှု ငါးမျိုး၊ နာကျင်(ရိုးရိုး)နှင့် ယာဉ်တိုက်မှုတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မှုခင်းငါးမျိုးဖြစ်ပွားခဲ့သည့် စုစုပေါင်းအရေအတွက်မှာ ၂၄၉၇ မှုရှိသည်။ ယင်းမှုခင်း ငါးမျိုးတွင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားပြီး ဖြစ်ပွားမှုစုစုပေါင်း ၁၃၁၀ ရှိခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများမှာ မဆင်မခြင်မောင်းနှင်ခြင်း၊ မူးယစ်သောက်စား မောင်းနှင်ခြင်း၊ မီးပွိုင့်အချက်ပြမီးများကို သတိမမူဘဲ မောင်းနှင်ကြခြင်းကြောင့် လည်းကောင်း၊ သတ်မှတ်မြန်နှုန်းထက် ပိုမိုမောင်းနှင်ကြသောကြောင့်လည်းကောင်း အများဆုံးဖြစ်ပွားရကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း နာကျင်မှု (ရိုးရိုး)ဖြစ်ပွားမှု အရေအတွက်မှာ ၅၇၆ မှုထိရှိခဲ့ပြီး ဒုတိယနေရာမှ လိုက်နေသည်။ လူငယ်အချင်းချင်း စနောက်ရာမှ စကားများရန်ဖြစ်ကြခြင်းကြောင့် လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မိရာမှလည်းကောင်းဖြစ်ပွားသည်ဟု ဆိုသည်။

ယင်းနောက်တွင် ဖြစ်ပွားမှုစုစုပေါင်း ၄၁၄ မှုရှိသည့် ခိုးမှု ငါးမျိုးက တတိယနေရာမှ လိုက်နေသည်။ မုဒိမ်းမှုဖြစ်ပွားသည့် အရေအတွက်မှာ ၇၄ မှုရှိခဲ့ပြီး လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း လစဉ်ပျမ်းမျှ မုဒိမ်းမှု ၁၅ မှုသာဖြစ်ပွားခဲ့သည်နှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှုပိုများလာခဲ့သည်။ မုဒိမ်းမှု ဖြစ်ပွားမှုအရေအတွက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပွားပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖြစ်ပွားမှုမရှိပေ။

ကယားပြည်နယ်တွင် ယခင်လအတွင်းက လူသတ်မှုဖြစ်ပွားမှု လုံးဝမရှိဘဲ ချင်းပြည်နယ်တွင် လူသတ်မှု တစ်မှုသာဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် လူသတ်မှု နှစ်မှုသာဖြစ်ပွားခဲ့သည်။ နေပြည်တော်၊ တိုင်းဒေကြီး / ပြည်နယ်များအလိုက် လူသတ်မှုဖြစ်ပွားသည့် အရေအတွက် စုစုပေါင်း ၁၂၃ မှုရှိခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း လစဉ်ဖြစ်ပွားခဲ့သည့် ပျမ်းမျှလူသတ်မှု အရေအတွက်မှာ ၁၀ မှုသာရှိခဲ့သည်။

အဆိုပါမှုခင်း ငါးမျိုးဖြစ်ပွားမှု အများဆုံးဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး စုစုပေါင်း ၆၄၅ မှုဖြစ်ပွားခဲ့သည်။ ယင်းနောက်တွင် ဖြစ်ပွားမှုစုစုပေါင်း ၂၉၈ မှုရှိသည့် မန္တလေးတိုင်းဒေသကြီးက ဒုတိယနေရာတွင်ရှိနေသည်။ ချင်းပြည်နယ်သည် မှုခင်း ငါးမျိုးဖြစ်ပွားမှု ရှစ်မှုသာရှိပြီး မတ်လ၏မှုခင်းဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်သည်။ **(သက်ထွေး)**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လူသတ်မှုအများဆုံး ဖြစ်ပွား

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံတစ်ဝန်း နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၌ ၂၀၁၄ ခုနှစ် မတ်လအတွင်း လူသတ်မှုစုစုပေါင်း ၁၂၃မှုဖြစ်ပွားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် လူသတ်မှုအများဆုံးဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၌ မတ်လအတွင်း လူသတ်မှု ၁၇ မှုဖြစ်ပွားခဲ့ပြီး လူသတ်မှု အများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးတွင် ၁၆ မှု ဖြစ်ပွားပြီး ဒုတိယအများဆုံး တိုင်းဒေသကြီးဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၁၁ မှုစီ ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် ကိုးမှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူသတ်မှုနှစ်မှု ဖြစ်ပွားခဲ့ပြီး လူသတ်မှု အနည်းဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးအဖြစ် ရပ်တည်လျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေတွင် လူသတ်မှုလေးမှု ဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်တွင် မတ်လအတွင်း လူသတ်မှု ၁၅မှု ဖြစ်ပွားပြီး လူသတ်မှု အများဆုံးဖြစ်ပွားသည့် ပြည်နယ်အဖြစ်ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင် ၁၃ မှု ဖြစ်ပွားပြီး လူသတ်မှု ဒုတိယအများဆုံးပြည်နယ် ဖြစ်သည်။ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ငါးမှု၊ ကရင်ပြည်နယ်တွင် သုံးမှုနှင့်ချင်းပြည်နယ်တွင် တစ်မှုဖြစ်ပွားခဲ့ပြီး ကယားပြည်နယ်တွင် လူသတ်မှုဖြစ်ပွားခြင်း မရှိခဲ့ပေ။

လူသတ်မှုအများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးများမှာ ယေဘုယျအားဖြင့် လူဦးရေထူထပ်များပြားခြင်း၊ ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ ကိုယ်ကျင့်သိက္ခာ ဖောက်ပြားခြင်း၊ မူးယစ်သောက်စား ရမ်းကားခြင်း၊ လူမှုရေး ချို့ယွင်းအားနည်းခြင်း၊ အသိပညာ၊ အတတ်ပညာ ချို့ယွင်းအားနည်းခြင်းများကြောင့် အများဆုံးဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရသည်။

(အေဝမ်းစိုး)

မတ်လအတွင်း ယာဉ်တိုက်မှု ၁၃၁၀ ဖြစ်ပွား ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၇၄၂၉၆၂၀၀ ရှိ

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် မတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယာဉ်တိုက်မှုပေါင်း ၁၃၁၀ ဖြစ်ပွားရာ သေဆုံးသူ ၄၇၂ ဦး၊ ဒဏ်ရာရသူ ၂၃၆၇ ဦး ရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၇၄၂၉၆၂၀၀ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုများထဲမှ နေပြည်တော်တွင် ၃၆ မှုဖြစ်ပွားရာ သေဆုံးသူ ၁၃ ဦး၊ ဒဏ်ရာရသူ ၆၅ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၅၀၀၈၀၀၀ ရှိခဲ့သည်။ ကချင်ပြည်နယ်တွင် ယာဉ်တိုက်မှု ၃၆ မှုဖြစ်ပွားရာ သေဆုံးသူ ၁၅ ဦး၊ ဒဏ်ရာရသူ ၆၀ နှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၂၀၂၅၀၀ ရှိခဲ့ပြီး ကယားပြည်နယ်တွင် ယာဉ်တိုက်မှုပေါင်း ၁၆ မှု ဖြစ်ပွားရာ သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၂၃ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၈၁၀၀၀၀ ဖြစ်သည်။ ချင်းပြည်နယ်တွင် ယာဉ်တိုက်မှု သုံးမှုဖြစ်ပွားရာ ဒဏ်ရာရသူ ငါးဦးနှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၅၅၀၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်မှုပေါင်း ၂၆၃ မှုဖြစ်ပွားရာ သေဆုံးသူ ၆၁ ဦး၊ ဒဏ်ရာရသူ ၄၀၇ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၆၆၉၆၅၀၀၀ ဖြင့် အများဆုံး ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုပေါင်း ၁၇၁ မှုဖြစ်ပွားရာ သေဆုံးသူ ၆၁ ဦး၊ ဒဏ်ရာရသူ ၂၆၃ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၀၂၇၂၀၀ ဖြင့် ဒုတိယအများဆုံး ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားရခြင်းမှာ စီးပွားရေးအချက်အချာကျသဖြင့် ယာဉ်စီးရေတိုးပွားလာပြီး ယာဉ်ကြောပိတ်ဆို့မှုကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

(ခင်မျိုးနိုင်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန











သတင်းတိုများ

ဘိုးဘွားရိပ်သာတွင် မွေးနေ့ကုသိုလ်ဒါနပြု

၁၂၉၉ ခုနှစ်က ဒေါ်ဦးဇွန်း စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက် ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၃၅ ဦးတို့အား ပခုက္ကူခရိုင် စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ဌေးက ၎င်း၏အသက် (၅၈) နှစ်ပြည့် မွေးနေ့မင်္ဂလာအဖြစ်ညစာကျွေးမွေးခြင်း၊ အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းကို ဧပြီ ၅ ရက် ညနေ ၄ နာရီတွင် အဆိုပါရိပ်သာ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

တူမအား သားမယားပြုကျင့်ကြောင်း တိုင်ကြား

ဧပြီ ၄ ရက် နံနက် ၁၀ နာရီခန့်က တိုက်ကြီးမြို့နယ်နေ အသက် (၄၂) နှစ်အရွယ်အမျိုးသမီးက သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာတွင် အိမ်ခြေရင်းဝဲဘက်ကိုက် ၅၀ ခန့်အကွာတွင်ရှိသော တဲတွင် နေထိုင်သည့် အစ်မဖြစ်သူ သီလရှင်တစ်ပါး၏ မွေးစားသမီး အသက် ၁၆ နှစ်အရွယ်ရှိ စိတ်ကျန်းမာရေးမကောင်းသူကို တစ်ရွာတည်းနေ အောင်တင်ဝင်း (၂၂) နှစ်က သားမယားပြုကျင့်နေကြောင်း တူဖြစ်သူတစ်ဦးကလာရောက်အကြောင်းကြားခဲ့သည်။ တူဖြစ်သူပြောသော နေရာအားသွားရောက်ကြည့်ရှုခဲ့ရာအောင်တင်ဝင်းမှာ တဲပေါ်မှ ဆင်းပြေးသွားသည်ကိုတွေ့ရကြောင်း ၎င်းကပြောသည်။ ၎င်း၏တူမဖြစ်သူကို မေးမြန်းခဲ့ရာ သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်းနှင့် ပြန်လည်ပြောပါက ဓားနှင့်ထိုးမည်ဟုပြောဆိုခြိမ်းခြောက်ခဲ့ကြောင်း သိရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ တိုက်ကြီးမြို့မရဲစခန်းက (ပ)၁၁၈/၁၄ ပြစ်မှုပုဒ် ၃၇၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

ဆုကြေးထိုက်တန်စွာ ချီးမြှင့်မည့် ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မန္တလေး၊ ဧပြီ ၇

၂၀၁၄ ခုနှစ် မန္တလေးမြို့တော် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီက 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ပြီး ဆုကြေးများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲစည်းကမ်းများမှာ ၂၀၁၄ ခုနှစ် မန္တလေးမြို့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆင်နွှဲကြပုံများကို ရိုက်ကူးထားသောပုံများ ဖြစ်ရမည်ဖြစ်ပြီး ဖလင်(သို့မဟုတ်)ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးနိုင်မည်ဖြစ်ကာ ဖလင်ကင်မရာဖြင့် ရိုက်ကူးသူများသည် နဂတစ်များဖြင့်လည်းကောင်း ဒစ်ဂျစ်တယ်ကင်မရာဖြင့်ရိုက်ကူးသူများသည် JPEG File ပူးတွဲတင်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀ လက်မ ၁၄ လက်မအရွယ် အလျားလိုက်ရိုက်ကူးထားသည့် ဓာတ်ပုံလေးပုံထိ တင်သွင်းနိုင်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများမှာ အစက်အပျောက် ဖာထေးခြင်းနှင့် Cropping ပြုလုပ်ခြင်းမှအပ မည်သည့်ကွန်ပျူတာလုပ်ဆောင်ချက်ကိုမျှ လက်ခံသွားမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက် ၈ နာရီတွင်နောက်ဆုံးထား၍ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄လမ်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူးရုံးသို့ တင်သွင်းပေးပို့နိုင်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မြဝတီသတင်းစာ သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော်၊ ဧပြီ ၇

မြဝတီသတင်းစာသုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီကနေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မြဝတီသတင်းစာတိုက်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ မြဝတီသတင်းစာ မြို့နယ်သတင်းထောက်များမှ အဆိုပါ မြဝတီသတင်းစာသုံးနှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ကြကြောင်းသိရသည်။

အခမ်းအနားတွင် မြဝတီသတင်းစာတိုက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်က ပြည်သူ့ဗဟိုပြုသတင်းစာဖြစ်စေရေး ပြောင်းလဲဆောင်ရွက်မှုများ၊ အမြို့မြို့အနယ်နယ်ရှိပြည်သူများ၏ သတင်းများ ဖော်ပြနိုင်ရေး တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတည်းမှူးက အချိန်နှင့်တစ်ပြေးညီ သတင်းများဖော်ပြနိုင်ရေးဆောင်ရွက်မှုများ၊ ပြည်တွင်းပြည်ပသတင်း၊ အမြို့မြို့အနယ်နယ်သတင်း၊ မှုခင်း၊ အနုပညာ၊ အားကစား၊ နည်းပညာကဏ္ဍစုံဖော်ပြနိုင်ရေး ပံ့ပိုးကူညီပေးရန်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်အထိ မြဝတီသတင်းစာတွင် သတင်း၊ ဆောင်းပါး၊ကဗျာ၊ ကာတွန်းအများဆုံးနှင့် အကောင်းဆုံး ရေးသားပေးပို့နိုင်သော စာပေပညာရှင်များအား မြဝတီသတင်းစာတိုက် စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မြောင်းမြမြို့ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးကုသဆောင်ရွက်ပေး

မြောင်းမြမြို့နယ် ဒေသခံပြည်သူများ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် လာရောက်ဆေးကုသမှုခံယူနေစဉ်။

မြောင်းမြ၊ ဧပြီ ၇

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်ဇနီး ဒေါက်တာ ဒေါ်ဌေးဌေးငြိမ်းတို့၏ မြောင်းမြမြို့နယ် ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြောင်းမြမြို့နယ်၊ ကွယ်လွယ်-မြစန္ဒာရပ်ကွက်၊ အမှတ်(၇) အ.ထ.က ကျောင်းတွင် မတ် ၂၆ ရက်မှစတင်၍ အခမဲ့ ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၅ ရက် တွင် ၁၁ ရက်ပြည့်ရောက်ရှိပြီး ဧပြီ ၁၀ ရက်ထိ အခမဲ့ကုသပေးသွားမည်ဖြစ်ပြီး အခမဲ့ဆေးကုသပေးမှုတွင်စတင် ဆောင်ရွက်သည့်နေ့မှစ၍ ယနေ့အထိ အထွေထွေရောဂါကုဝေဒနာရှင် ၄၁၉၅ ဦး၊ မျက်စိဝေဒနာရှင်ဦးရေမှာ မတ် ၂၉ ရက်ထိ ၅၃၀ ဦး၊ သွားနှင့်ခံတွင်း ဝေဒနာရှင် ၃၈၄ ဦး၊ နားနှင့်နှာခေါင်းဝေဒနာရှင် ၇၁၃ ဦး၊ သားဖွားမီးယပ်ဝေဒနာရှင် ၂၃၉ ဦး၊ အရိုးအကြောဝေဒနာရှင် ၁၁၂၈ ဦး၊ ကလေးဝေဒနာရှင် ၃၆၄ ဦး စုစုပေါင်း ဝေဒနာရှင် ၉၈၈၆ ဦးတို့ကို အခမဲ့ ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွင် ဆေးကုသလိုသူနှင့် လူနာစောင့်တစ်ဦးအတွက် အသွားအပြန် ခရီးစရိတ်များ ကျခံပေးသည့်အပြင် ဆေးကုသနေစဉ်အတွင်း စားသောက်၊ တည်းခို၊ နေထိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးထားမှုကြောင့် ဆေးကုသရန် လာရောက်သူများစိတ်ချမ်းမြေ့စွာ ဆေးကုသခွင့်ရရှိကြ ကြောင်း သိရသည်။ **အောင်မင်း (IPRD)**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

မြန်မာ–အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး လာမည့်ဘဏ္ဍာရေးနှစ် အတွင်း တိုးလာဖွယ်ရာရှိ

မန္တလေး၊ ဧပြီ ၇

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကို လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်ခွန် ငွေကျပ် ဘီလီယံ ၅၀ ထိ တိုးတက်လာနိုင်ဖွယ်ရှိကြောင်း တမူးနယ်စပ် ကုန်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က ငွေကျပ်ဘီလီယံ ၂၀ သာ ရှိခဲ့သော်လည်း ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ယင်းကဲ့သို့ တိုးတက်လာနိုင်သည်ဟု ခန့်မှန်းပြောဆိုထားခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။

တမူးနယ်စပ် ကုန်သွယ်ရေးစခန်းတွင် တစ်ဖက်နိုင်ငံ မဏိပူရပြည်နယ်နှင့် ကုန်သွယ်ရောင်းဝယ်ရေးအရ ယခုနှစ်နောက်ပိုင်းမှစတင်ပြီး အလုပ်ပိုမိုဖြစ်လာသည့်အတွက် ရရှိသည့် ကုန်သွယ်ခွန်လည်းတိုးတက်လာနိုင်ခြင်း ဖြစ်သည်ဟု သိရသည်။

ယင်းနယ်စပ်ဂိတ်မှာ တရုတ်နယ်စပ်ဂိတ်နှင့် ထိုင်းနယ်စပ်ဂိတ်ထက် စာလျှင် ကုန်သွယ်မှုအနည်းဆုံးသောဂိတ်ဖြစ်ကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး စခန်းမှပို့ကုန်အဖြစ် ကွမ်းသီးအစို၊ အခြောက်၊ ချင်း အစိုအခြောက်၊ နန့်ဖာလုံဈေးသို့ အမယ်စုံနှင့် စီးကရက်အပါဝင် ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်တွင် ဂျုံ၊ ပရဆေး၊ ဆံပင်အပါဝင် ပစ္စည်း ၅၉၃ မျိုး ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည်။ **အောင်(မန်း)**

ဖရဲသီး လှိုင်လှိုင်ထွက်သည့် ကာလတွင် ကသာဒေသထွက် ဖရဲသီးအား တရုတ်ပြည်မှ အဝယ်လိုက်နေ

ကသာ၊ ဧပြီ ၇

ကသာမြို့နယ်တွင် ကြံ၊ မြေပဲ၊ မြေထောက်ပဲတို့ကို အဓိကစိုက်ပျိုးပြီး၊ ဈေးကွက်အလိုအရ ဖရဲကို လယ်မြေနှင့် ကျွန်းမြေတို့တွင် တိုးချဲ့စိုက်ပျိုးကြရာ ဖြစ်ထွန်းအောင်မြင်၍ ယခုအချိန် လှိုင်လှိုင်ပေါ်နေပြီး တရုတ်နိုင်ငံမှ အဝယ်လိုက်သဖြင့် ဖရဲစိုက်တောင်သူနှင့် ဖရဲသီးကုန်သည်များ အမြတ်အစွန်းရရှိကြောင်း သိရှိရသည်။

ဖရဲသီးကို ကသာမှ တရုတ်နိုင်ငံသို့ မော်တော်ကားဖြင့် တိုက်ရိုက်ပို့ခြင်း၊ ကသာမြို့မှ ဗန်းမော်မြို့သို့ မော်တော်ဖြင့်ပို့ပြီး ဗန်းမော်မြို့မှ တရုတ်နိုင်ငံသို့ မော်တော်ကားဖြင့် ပို့ခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်ကြကြောင်း သိရသည်။

“ကျွန်တော် ဖရဲသီးကို မိုးတားမှ ဗန်းမော်မြို့သို့ မော်တော်နဲ့ပို့တယ်။ မော်တော်တစ်စီး ဖရဲသီးဖိုးနဲ့ ပို့ခ ကျပ်ကိုးသိန်း ကုန်ကျတယ်။ ဗန်းမော်မြို့ရောက်ရင် ရောင်းချပြီးရင်တော့ ကျပ် ၁၁ သိန်းလောက် မြတ်တယ်။ အရောင်းအဝယ်လုပ်တာ ငါးခေါက်လောက်တော့ရှိပြီ။ ဆက်ပြီးတော့ လုပ်ကိုင်သွားမှာပါ။ အခု အမြတ်ရတယ်ဆိုတော့ ကိုက်တယ်လို့ ပြောလို့ရတယ်” ဟု ကသာမြို့နယ်၊ မိုးတားကျေးရွာအုပ်စု၊ မိုးတားကျေးရွာ ဖရဲသီးကုန်သည် ဦးမျိုးတင့်က ပြောသည်။

တရုတ်နိုင်ငံသို့ ရောင်းတန်းမဝင်သော ဖရဲသီးများကိုလည်း ဒေသတွင်း စားသုံးရန် ရောင်းမလောက်သည့်သီးနှံဖြစ်၍ အလေးထား စိုက်ပျိုးသင့်သည့် ရာသီပေါ်သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိရသည်။ **ငြိမ်းငြိမ်း(ကသာ)**

ကသာဒေသမှ တရုတ်ပြည်သို့တင်ပို့ရန် ကသာဒေသထွက် ဖရဲသီးများအား တွေ့ရစဉ်။

သတင်းတိုများ

ကန်တော်ကြီးပတ်လမ်းတွင်လုယက်ခဲ့သူများဖော်ထုတ်

မန္တလေးခရိုင် မှုခင်း/အကူမှ ရဲအုပ်ကြည်ဇင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၂ ရက်က ချမ်းမြသာစည်မြို့နယ် မြို့မရဲစခန်း (ပ)၁၆၈/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၂/၁၁၄ အမှုမှ တရားခံဇော်ဇော်ဦး(ခ)ဘောကြီး ဆိုင်ကယ်ဝပ်ရှော့လုပ်သား ၃၅ လမ်းနှင့် ၇၄ လမ်းထောင့် ချမ်းအေးသာစံမြို့နယ် ဘိုဘိုအောင်(ခ)အားတီ မီးအားမြှင့်စက် ပြုပြင်ရေးလုပ်သား မဟာနွယ်စည်ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူတို့နှစ်ဦးအား မှုခင်းပိုင်းဆိုင်ရာအရစစ်ဆေးခဲ့ရာ မတ်လအတွင်း ည ၁၀ နာရီခန့်က ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်း ရှမ်းကလေးကျွန်းအထက်လမ်းဘေးတွင်ရပ်နေသော လူငယ်နှစ်ဦးထံမှ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေများအား ထိုးကြိတ်လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအားသိမ်းဆည်းပြီး ဧပြီ ၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်မြို့မရဲစခန်း၌ ထပ်မံအမှုဖွင့်စစ်ဆေး လျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

မန္တလေးစည်ပင်က စည်းကမ်းမဲ့ယာဉ်များဖမ်းဆီး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ၂၀၁၄ ခုနှစ် မတ်လအတွင်း မြို့တွင်းမဝင်ရလမ်းများ၌ဝင်သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ် ၉၇ စီး၊ အုတ်၊ ထုံး၊ သဲကျောက်တင် စည်းကမ်းမဲ့ယာဉ် ၉၁ စီး၊ မြို့တွင်းစည်းကမ်းမဲ့ရပ်နားယာဉ် ၃၀၂ စီး စုစုပေါင်း ၄၉၀ စီး ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ဟံသာဝတီလေဆိပ် တည်ဆောက်ရေးအတွက် ယခုလအတွင်း လေလံနောက်ဆုံးလျှောက်ထားနိုင်

မန္တလေး၊ ဧပြီ ၇

ဟံသာဝတီ နိုင်ငံတကာလေဆိပ် တည်ဆောက်ရေးစီမံကိန်းအတွက် ဘဏ္ဍာရေးဆိုင်ရာ လေလံတင်ဒါများကို လာမည့် ဧပြီ ၂၂ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် မိုင် ၅၀ အကွာတွင် အသစ်တည်ဆောက်လျက်ရှိသည့် ဟံသာဝတီနိုင်ငံတကာလေဆိပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၏ ဘဏ္ဍာရေးလေလံတင်ဒါများ ခေါ်ယူရာတွင် တင်ဒါနောက်ဆုံးရက်ကို ထပ်မံသတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ယင်းတင်ဒါကို တောင်ကိုရီးယားနိုင်ငံ အင်ချီယွန်ကုမ္ပဏီ၊ စင်ကာပူနိုင်ငံချန်ဂီလေဆိပ်၊ ပြင်သစ်နိုင်ငံ ဗင်စီလေဆိပ်နှင့် ဂျပန်နိုင်ငံတာအီဆာအီ လေဆိပ်များ၏ စီမံရေးကုမ္ပဏီများက တင်ဒါတင်ယူလျက် ရှိသည်။

တည်ဆောက်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်လေလံကို တောင်ကိုရီးယားနိုင်ငံအင်ချီယွန် နိုင်ငံတကာလေဆိပ်ကော်ပိုရေးရှင်း (ILAC) ဦးဆောင်သည့် လုပ်ငန်းအဖွဲ့နှင့် မြန်မာအစိုးရ အကြားမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၀၀ ရင်းနှီးမြှုပ်နှံရေး ကိစ္စများ ညှိနှိုင်းနေဆဲ ဖြစ်သည်။

လက်ရှိဟံသာဝတီလေဆိပ် ဘဏ္ဍာရေး တင်ဒါကို အဆိုပါ လေဆိပ်တွင် ခရီးသည်ပေါင်း ၁၂ သန်း လက်ခံနိုင်ရန် ရည်ရွယ်ထားပြီး ယင်းလေဆိပ်ကို နိုင်ငံတကာလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက် ရှိသည်။

ဟံသာဝတီလေဆိပ်သည် လာမည့် ၂၀၁၈ ခုနှစ်တွင် ခရီးသည် ၆ သန်းကျော် ဝင်ရောက်နိုင်မည့် ပမာဏကို ရည်မှန်းပြီး လက်ရှိအသုံးပြုနေသည့် ရန်ကုန်မြို့ရှိ နိုင်ငံတကာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆက်လက်တိုးချဲ့နိုင်ရန်မှာ အဆင်မပြေတော့သည့်အတွက် ပဲခူးမြို့အနီးရှိ ဟံသာဝတီလေဆိပ်ကို နိုင်ငံတကာ အဆင့်မီတည်ဆောက်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် လေဆိပ် စုစုပေါင်း ၆၉ ခု ရှိပြီး လက်ရှိအသုံးပြုနေသော လေဆိပ်မှာ ၃၃ ခုရှိကာ အရန်အသင့်ထားသည့် လေဆိပ် စုစုပေါင်း ၃၆ ခုရှိကြောင်း သိရသည်။ **အောင် (မန်း)**









မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြောင်းဖူးစိုက်တောင်သူများ အထွက်နှုန်းကောင်း၍ စီးပွားဖြစ်နေ

မုံရွာ၊ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် အတွင်းရှိ ကျေးရွာများသည် ပဲမျိုးစုံ၊ နှမ်း၊ ခရမ်းချဉ်၊ ရာသီသီးနှံမျိုးစုံ၊ ပြောင်းဖူး၊ မြေပဲ နှင့် ငှက်ပျောစိုက်ပျိုးရေးများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိရာ ယခုနှစ် ပြောင်းဖူးစိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းသဖြင့် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီအနီးအနားတစ်ဝိုက်က တောင်သူတွေက CP ပြောင်း ၈၈၈ မျိုးနဲ့ ၃၀၁ မျိုးတို့ကို ကြက်စာအတွက် စိုက်ကြတယ်၊ ဒီပြောင်းမျိုးတွေကို သီတင်းကျွတ်လပြည့် ကျော်ဆိုရင် စစိုက်ကြတယ်၊ ၈၈၈ မျိုးတစ်ထုပ်ကိုငွေကျပ် ၂၅၀၀၀ လောက်ပေးရတယ် အပင်သက်တမ်းက ၉၅ ရက်လောက်ကြာတယ်၊ မနှစ်ကတော့ တစ်ဧကကို တင်း ၁၀၀ ပတ်ဝန်းကျင်လောက် ထွက်တယ်။ ဒီနှစ်ကတော့ ရာသီဥတုကလည်းကောင်းတော့ တစ်ဧကကိုတင်း ၁၀၀ ကျော်ထွက်တယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်တလောတွင် ပြောင်းထွက်ရာသီအစပိုင်းကာလဖြစ်သောကြောင့် ပြောင်းဆံတစ်တင်းကို ငွေကျပ် ၆၈၀၀ သာ ပေါက်ဈေးရှိသော်လည်း သကြင်္န်ကာလပြီးပါက ဈေးနှုန်းပိုမိုမြင့်တက်လာနိုင်ကြောင်း တောင်သူများက ခန့်မှန်းလျက်ရှိသည်။

"ပြောင်းဖူးဖက်ဆိုရင်လည်း မနှစ်ကတစ်ပိဿာကို ကျပ် ၅၀၀လောက် ရတယ်။ ဒီနှစ်ကျတော့ ဝယ်မယ့်သူကို မရှိတော့ဘူး။ ပြောင်းဖူးစေ့ခြွေရင်လည်း စက်ငှားခအဖြစ် တင်းတစ်ရာထွက်ရင် ပြောင်းဆန်တစ်တင်းပေးရတယ်၊ ပြောင်းပင်ရိတ်ခနဲ့ ပြောင်းဖူးအခွံခွာကလူငှားရင်လည်း တစ်ရက်ကို စရိတ်ငြိမ်း ကျပ် ၃၀၀၀ ပေးရတယ်။ တစ်ဧကကို မျိုး၊ ရေသွင်းခ၊ စက်ငှားခ၊ လူငှားခ၊ မြေဆီအိတ်ကုန်ကျငွေ၊ ထွန်ယက်ခ စုစုပေါင်းကျပ်နှစ်သိန်းလောက်ကုန်ကျတယ်။ အခုလောလောဆယ်ကို တစ်ဧကကိုကျပ် ၅၀၀၀၀၀ နီးပါး အမြတ်ရတယ်လေ။ အခြေအနေကောင်းပါတယ်" ဟု ဘုဘကျေးရွာမှ ပြောင်းပင်စိုက်တောင်သူ တစ်ဦးက ပြောသည်။

ပြောင်းရိုးများကို ယမန်နှစ်က နွားစာအဖြစ် ရောင်းရပြီး ယခုနှစ်တွင် ပြောင်းစိုက်တောင်သူများပြားလာသောကြောင့် နွားစာအတွက် မပူပင်ရတော့ကြောင်း ပြောသည်။

"မနှစ်ကတော့ ပြောင်းဖူးပင်က နွားစာအဖြစ်ရောင်းရတယ်။ ပြောင်းဖူးအရွက်လည်း ပိဿာချိန်နဲ့ ရောင်းရတယ်။ အဲဒီငွေတွေက လူငှားခ၊ စက်ငှားခတွေကျေတယ်။ အခုနှစ်ကျတော့ စိုက်တဲ့သူတွေများလာတာရယ်၊ ရာသီဥတုကောင်းတော့ နွားစာပေါတာရယ်ကြောင့် ကိုယ့်နွားစာအတွက်ချန်ပြီး ကျန်တာတွေကို မီးရှို့ပစ်ရတယ်။ ပြောင်းပင်နဲ့ ပြောင်းဖူးဖက်တွေ မရောင်းရတော့ ဒီနှစ်ကုန်ကျစရိတ် နည်းနည်းတက်လာတယ်။ အထွက်နှုန်းအနေနဲ့ကတော့ မနှစ်ကနဲ့ဒီနှစ် သိပ်ပြီးတော့ မကွာဘူး ဒီနှစ် အထွက်နှုန်းကောင်းပြီး ဈေးနှုန်းသင့်လို့ တော်သေးတယ် ။ လူတွေက ဒီစားစရာကိုမကြိုက်ရင် တခြားစားစရာပြောင်းပြီးစားလို့ရတယ်၊ တိရစ္ဆာန်အစာကိုပြောင်းပြီးကျွေးလို့မရဘူး။ ဒါ့ကြောင့်သူတို့အစာအတွက် မရှိမဖြစ်တဲ့ ပြောင်းဖူးစိုက်တာငွေလုံးငွေရင်းလည်းရတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါကျေးရွာတွင် CP ပြောင်း ၈၈၈ မျိုးနှင့် ၃၀၁ မျိုးများအားယခင်နှစ်က ဧက ၅၀ ခန့်စိုက်ပျိုးရာ ဈေးကောင်းရရှိသဖြင့် ယခုနှစ်တွင် စိုက်ပျိုးဧက ၁၀၀ ကျော် တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တာချီလိတ်မြို့တွင် ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံ တည်ဆောက်ရေးဆွေးနွေး

တာချီလိတ်၊ မေ ၇

တာချီလိတ်မြို့တွင် မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းခေတ်သစ်ကုမ္ပဏီမှ အမှုဆောင်အင်ဂျင်နီယာ ဦးလှသွင်က "ကျောက်မီးသွေးစက်ရုံကို ၁၀ မဂ္ဂါဝပ် စက်နှစ်လုံး တပ်ဆင်မှာဖြစ်ပါတယ်။ စက်ရုံကို မိုင်းဟဲကျေးရွာအုပ်စု ကျောက်လိုဏ်ဂူကျေးရွာနားမှာ တည်ဆောက်မှာပါ။ စက်ရုံဧရိယာ ၂၅ ဧက၊ ဝန်ထမ်းအိမ်ရာ ၁၅ ဧက စုစုပေါင်းဧရိယာ ၄၀ ဧက ဖြစ်ပါတယ်။ စက်ရုံပြီးစီးပြီဆိုရင် တာချီလိတ်မြို့မှာတင်မကဘဲ အနီးအနားက ကျေးရွာတွေကိုပါ ဓာတ်အားပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် ဌာနဆိုင်ရာများ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံဆိုင်ရာများဆွေးနွေးနေစဉ်။

ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းဖြင့် စက်မှုဇုန်များလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပြီး လူသားအရင်းအမြစ်နှင့် နည်းပညာများလည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မြန်မာ့သယံဇာတနှင့် ပတ်ဝန်းကျင်ကုမ္ပဏီ(REM)မှ ဒါရိုက်တာ ဦးဇော်နိုင်ဦးက စီမံကိန်းအား ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လေ့လာဆန်းစစ်မည့်အချက်များကို ရှင်းလင်းပြီး တက်ရောက်လာသူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ ဓာတ်အားခကောက်ခံခြင်းနှုန်းထားဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြောင်းမြမြို့နယ် စည်ပင်မှ အရပ်ရပ် အခွင့်အရေး လိုင်စင် စတုတ္ထအကြိမ်ရောင်းချ

မြောင်းမြ၊ မေ ၇

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျန်ရှိသော အရပ်ရပ်အခွင့်အရေးလိုင်စင်များ စတုတ္ထအကြိမ်မြောက် လေလံတင်ရောင်းချပွဲကို မေ ၄ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့မ (၁) ဝက်သားဆိုင်လိုင်စင်အတွက် ကျပ် ၉၅၀ သိန်းဖြင့်လည်းကောင်း၊ မြို့မ (၂) ဝက်သားဆိုင်လိုင်စင်အတွက် ကျပ် ၁၇၅ သိန်းဖြင့်လည်းကောင်း၊ မြို့မ (၃) ဝက်သားဆိုင်လိုင်စင်အတွက် ကျပ် ၆၃ သိန်းဖြင့်လည်းကောင်း၊ ပြင်ရွာကျေးရွာ ဝက်သားဆိုင်လိုင်စင်အတွက် ကျပ် ၅ သိန်း ၄ သောင်းဖြင့်လည်းကောင်း၊ စက်ဘီးအပ်နှံခွင့်လုပ်ငန်းလိုင်စင်အတွက် ကျပ် ၁၄ သိန်းဖြင့်လည်းကောင်း၊ စုစုပေါင်းယနေ့ရောင်းချရမှုမှာ ကျပ် ၁၂၀၇ သိန်း ရရှိကြောင်း သိရသည်။

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်ပေါင်း ၄၅ ခုမှ ယနေ့အထိရောင်းချပြီးကျပ်သိန်းပေါင်း ၄၀၂၄ သိန်းအား နိုင်ငံတော်ဘဏ္ဍာငွေအခွန် ရှာဖွေပေးနိုင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီး(အခွန်) ဒေါ်မြမြသင်းက ပြောကြားသည်။

အောင်မင်း (IPRD)

မြောင်းမြမြို့တွင် မဟာသင်္ကြန် ဆင်နွှဲရန်ပြင်ဆင်

မြောင်းမြ၊ မေ ၇

ဧရာဝတီတိုင်းဒေသကြီး၊မြောင်းမြမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မေ ၄ ရက်၌ ကျင်းပသောဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ပြောကြားသည်။ မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခြင်း၊ သင်္ကြန်ယိမ်းအကပြိုင်ပွဲများနှင့် ဆုပေးပွဲများပြုလုပ်ခြင်း၊ စတုဒိသာများကျွေးမွေးခြင်းများဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း**

TEL - 09-250665194

စပါး စိုက်ပျိုးရေ လုံလောက်စွာပေးနိုင်ရန် ချောင်းဖုံရေလှောင်တမံတည်ဆောက်

မလှိုင်၊ မေ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နှင့် ၁၅ မိုင်ခန့်ဝေးသည့် မလှိုင်မြို့နယ် ညောင်ပင်သာကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချောင်းဖုံရေလှောင်တမံ စီမံကိန်းအား တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိရာ အထူးသဖြင့် တောင်သူလယ်သမားကြီးများ၏ စိုက်ပျိုးရေးကိစ္စများအပြင် လူနေမှုအဆင့်အတန်းမြင့်မားရေးကိုလည်း အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း တိုင်း/ခရိုင်/မြို့နယ်များရှိ ဒေသခံပြည်သူများအား မီးအလင်းရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ရေလုံလောက်စွာသုံးစွဲပြီး စိုက်ပျိုးနိုင်အောင် ဆည်/ရေလှောင်တမံများ တည်ဆောက်ပေးလျက် ရှိသည်။

အဆိုပါ ချောင်းဖုံတမံစီမံကိန်းမှ ဦးစီးအရာရှိ(မြို့ပြ) ဦးချိုဦးက ယင်းစီမံကိန်းကို ၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်က စတင်တည်ဆောက်ခဲ့ပြီး အမျိုးအစားမှာ မြေသားရေလှောင်တမံဖြစ်ကာအလျား ၃၀၁၀ ပေ၊ အမြင့် ၅၂ ပေနှင့် ရေထုတ်ပြွန်တစ်ခု၊ ရေပိုလွှဲ တစ်ခုကိုပါ တည်ဆောက်သွားမည်ဖြစ်၍ ယင်းစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြီးစီးနိုင်အောင် တည်ဆောက်နေကြောင်း သိရသည်။

စီမံကိန်းအကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်က ချောင်းဖုံတမံ၏ အောက်ဘက် အလောင်းစည်သူဆည်အတွင်းသို့ ရေကူပေးသွင်းရန်နှင့် အလောင်းစည်သူဆည်အတွင်းသဲ၊ နုန်းပို့ချမှုကာကွယ်ရန်အပြင် ဆည်ရေလှောင်တမံအနီးနားမှာရှိသည့် ဒေသခံစိုက်ပျိုးတောင်သူဦးကြီးများ၊ သောက်ရေသုံးရေ ဖူလုံစေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်ပြီး ချောင်းဖုံရေလှောင်တမံ အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိကြောင်း ဆည်မြောင်းဦးစီးအရာရှိ ဦးချိုဦးက ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချောင်းဖုံရေလှောင်တမံအားတည်ဆောက်မှုကိုတွေ့ရစဉ်။

ချောင်းဖုံရေလှောင်တမံအနီးရှိ ညောင်ပင်သာကျေးရွာမှ တောင်သူကြီး ဦးညိမ်းအောင်က "ကျွန်တော်တို့ကျေးရွာက စိုက်ပျိုးသီးနှံများကို စိုက်ပျိုးကြပေမယ့် ဝါနှင့်မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြတာပါ။ ယခင်တုန်းက သောက်သုံးရေရဖို့ဆိုရင် တောင်သူများဟာ အလုပ်အကိုင်ဖျက်ပြီး ရေသွားရောက်ခတ်ရတယ်။ ယခုတော့ သက်ဆိုင်ရာတာဝန်ရှိသူများက ဆည်ရေလှောင်တမံ တည်ဆောက်ခြင်းအပြင် ပတ်ဝန်းကျင်ရှိ လမ်းများ ပြုပြင်ပေးတာကြောင့် လမ်းပန်းဆက်သွယ်ရေး သွားလာရေး အဆင်ပြေတော့မှာမို့ ဝမ်းသာနေတာပါ" ဟု ပြောသည်။

ယင်းကြောင့် ချောင်းဖုံရေလှောင်တမံစီမံကိန်း ပြီးစီးသွားပါက အလောင်းစည်သူဆည်ရေသောက်လယ်မြေဧက(တစ်သောင်းကျော်ခန့်)အား မိုးစပါး၊ နွေစပါး စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည့်အပြင် ဆည်၏အောက်ဘက်ရှိ ညောင်ပင်သာကျေးရွာ ဘူးတင်ချောင်း၊ ကျေးရွာရွှေတံခါးကျေးရွာနှင့် ရွှေပေါ်ကျွန်းကျေးရွာများတွင် သောက်သုံးရေဖူလုံခြင်း၊ ချောင်းဘေးတစ်လျှောက်ရာသီသီးနှံများ ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။

ရေလှောင်တမံသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၃၀၉/၀ မှ ၃ မိုင်အကွာတွင် တည်ရှိရာ အနီးရှိကျေးရွာများမှ ဒေသခံပြည်သူများ ဆည်အဝင်ချဉ်းကပ်လမ်းပေါ်တွင် ရာသီမရွေး သွားလာနိုင်မှာဖြစ်ပြီး ရေသောက်လယ်မြေဧက တစ်သောင်းကျော်ခန့် မိုးစပါး၊ နွေစပါးစိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

မြန်မာ့မြေပေါ်မှ ကျောက်ပန်းတောင်းနယ်ထွက် ဝါးနီးထုတ်ကုန်ပစ္စည်းစုံ

ရေစကြို၊ မေ ၇

ဝါးသည် မြန်မာ့မြေမှ အဖိုးတန်သယံဇာတတစ်မျိုးဖြစ်သလို ကျွန်ုပ်တို့အတွက် သဘာဝကပေးသော လက်ဆောင်ကောင်းလည်း ဖြစ်သည်။

သဘာဝဝါးကို လူတို့၏အသုံးအဆောင် အလှအပပစ္စည်းအမျိုးမျိုးအဖြစ် ရိုးရာလက်မှုပညာဖြင့် တီထွင်ဖန်တီး လုပ်ကိုင်အသုံးပြုခဲ့ကြသည်မှာ ရှေးဘုရင်များလက်ထက်ကတည်းက ယနေ့အထိဖြစ်သလို နောင်ကာလများတွင်လည်း အသုံးပြုနေကြဦးမည်ဖြစ်ပါသည်။

ယခုလည်း ဝါးနီးလက်မှုပညာထွန်းကားသော ရေစကြိုမြို့နယ်အတွင်းသို့ ကျောက်ပန်းတောင်းမြို့နယ် ရိုးခြားကျေးရွာလုပ် ဝါးနီးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို အထမ်းဖြင့်ထမ်း၍ လူငယ်တစ်စု ရောင်းချနေမှုကို တွေ့မြင်ရပါသည်။

"ကျွန်တော်တို့ ရိုးခြားရွာက အိမ်ခြေ ၁၆၀ ခန့်ရှိပြီး လူဦးရေ ၅၀၀ ကျော်နေထိုင်ကြပါတယ်။ တစ်ရွာလုံး ဝါးနီးရက်ခြင်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းမှု ပြုကြပါတယ်။ ခုနစ်နှစ်၊ ရှစ်နှစ်ကစ အသက် ၇၀၊ ၈၀ အရွယ်အထိ ကျား၊ မအားလုံး ဝါးနီးနဲ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို ရက်လုပ်ကြပါတယ်"ဟုကိုယ်တိုင်ရက်လုပ် လှည့်လည်ရောင်းချနေသူမောင်ကျော်သန်းဆိုသူက ပြောသည်။

ထို့ပြင်၎င်းက"အခုပါလာတဲ့ ပစ္စည်းတွေကိုတော့ တင်တောင်းတစ်လုံး ၅၅၀၀ ကျပ်၊ ခွဲတောင်းတစ်လုံး ၁၅၀၀ ကျပ်၊ စိပ်တောင်းတစ်လုံးအချော ၁၂၀၀ ကျပ်၊ အကြမ်း ၇၀၀ ကျပ်၊ ပြည်တောင်းတစ်လုံး ၅၀၀ ကျပ်၊ ထမင်းအုပ်ဆောင်းအကြီး ၁၃၀၀ ကျပ်၊ ပွဲတင်တောင်းတစ်လုံး ၃၀၀ ကျပ်၊ လက်ဆွဲခြင်းအကြမ်းတစ်လုံး ၇၀၀ ကျပ်ရောင်းပါတယ်။ တစ်နေ့ ပျမ်းမျှ ၃၀၀၀ ကျပ်တော့ ကိုယ့်တွက် ကျန်ပါတယ်" ဟု ၎င်းက ဆက် လက်ပြောသည်။

ယခုကဲ့သို့ ဝါးနီးလက်မှုပညာ ထွန်းကားသော ရေစကြိုဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်ခြင်းမှာ ဧရာဝတီမြစ်ကူး ပခုက္ကူတံတားကြီး အကျိုးကြောင့် လမ်းပန်းဆက်သွယ်မှုကောင်းခြင်း တစ်မူထူးခြားသော ဒီဇိုင်းဆန်းသစ်မှုကြောင့် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ သဘာဝကပေးသော လက်ဆောင်ကောင်းများဖြစ်သည့် သစ်တောသစ်ပင်များကို ရေရှည်အသုံးပြုနိုင်ရေး ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သလို၊ မတော်မတရား မူးယစ်ဆေးဝါး သယ်ယူလုပ်ဆောင်မည့်အစား ရိုးသားစွာဖြင့် သမာအာဇီဝမှုတသည့်မြန်မာ့ရိုးရာလက်မှုလုပ်ငန်းကိုလုပ်ကိုင်ခြင်း ဖြင့် တန်ဖိုးလည်းရှိ ဂုဏ်ယူဖွယ်လည်းကောင်းသည်။

ရိုးရာဝါးနီးလက်မှုပညာ ရှင်သန်ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြု၊ မိမိရဲ့စားဝတ်နေရေးလည်း အဆင်ပြေ၊ အခြားဒေသတစ်ခု၏ ဈေးကွက်သို့ ထိုးဖောက်နိုင်မှုကြောင့် ဝါးနီးလက်မှုပညာဖြင့် ရိုးသား ကြိုးစားနိုးကြားကြသော လူငယ်တစ်စုကို ဂုဏ်ပြုရေးသားအပ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

သတင်းတို

ယင်းမာပင်မြို့နယ် စုန်းကျင်းအုပ်စု ထန်းပင်လျော်ကြေးငွေပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်စုန်းကျင်းအုပ်စု၊ အုံတုံပင်ကျေးရွာ၌ ထန်းပင်လျော်ကြေးပေးအပ်ပွဲကို မေ ၆ ရက်နံနက် ၁၀ နာရီက အုံတုံပင်ကျေးရွာ မဟာအောင်မြေရွှေဘုံစံဘုန်းကြီးကျောင်းတွင် ကျင်းပခဲ့ပြီး ဒေါ်ကြည်လေး၊ ဒေါ်စန်းစန်းမော်နှင့်ဦးစိုးနိုင်ဝင်းတို့ လာရောက်ကာ ထန်းပင်လျော်ကြေးအတွက် တစ်ပင်လျှင် ငွေ ၁၅၀၀၀ ကျပ်အား လက်မခံနိုင်ကြောင်း ပြောကြားကာ ပြန်လည်ထွက်ခွာလာခဲ့သည်။ ထန်းပင်လျော်ကြေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ယင်းမာပင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်တာဝန်ရှိသူများက မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က အမှတ်(၂၈) ရဲတပ်ရင်း ဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၍ထန်းပင်လျော်ကြေးဆက်လက်ပေးအပ်ခဲ့သည်။ ယင်းပေးအပ်ပွဲတွင် ထန်းပင်ပိုင်ရှင် ဦးတင်သန်းက ထန်းပင် ၁၀ ပင်အတွက် ငွေကျပ် ၁၅၀၀၀၀ ကို လက်ခံရယူခဲ့ကြောင်း သိရသည်။

ထွန်းကိုကို (ယင်းမာပင်)







သက်တမ်းနှစ် ၂၀ ကျော် (၁က) အကွာရာ ယာဉ်များ ပြင်ပစလစ်ဈေးမြင့်တက်

မန္တလေး၊ ဧပြီ ၇

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးတွင် ဧပြီ ၄ ရက်မှ စတင်၍ ယာဉ်အိုယာဉ်ဟောင်း အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း စီမံချက်အရ မှတ်ပုံတင်သက်တမ်းနှစ် ၂၀ ကျော်လွန်သော (၁က) အကွာရာယာဉ်များအား အပ်နှံခြင်း လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ပြင်ပတွင် စလစ်ဈေး ကျပ်သိန်း ၁၀၀ ကျော်လွန်နေသဖြင့် အပ်နှံယာဉ်များ အထူးများပြားလျက်ရှိကြောင်း သိရသည်။

မော်တော်ယာဉ်တင်သွင်းမှုအတွက် CIF တန်ဖိုးများ လျှော့ခြင်း၊ ကညနအခွန်များ ထပ်မံလျှော့ချလိုက်ခြင်းကြောင့် မော်တော်ယာဉ်ဈေးနှုန်းများ ကျဆင်းသွားသော်လည်း ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုမှရရှိသော ကားတင်သွင်း စလစ်ဈေးနှုန်းများ မြင့်မားလျက်ရှိကြောင်း ယာဉ်ရောင်းဝယ်ရေးစခန်း ပွဲစားများက ပြောသည်။

မှတ်ပုံတင်သက်တမ်း နှစ် ၂၀ ရှိ (၁က) အကွာရာယာဉ်များ ဆေး၊ ဘော်ဒီ၊ အင်ဂျင်ကောင်းလျှင် ကျပ်သိန်း ၁၀၀ အောက်ရှိသော်လည်း ကားတင်သွင်းခွင့်စလစ်ဈေးနှုန်းမှာ ကျပ်သိန်း ၁၁၀ ဝန်းကျင်ထိ ဈေးမြင့်မားလျက်ရှိသည်။

သင်္ကြန်ကာလနီးကပ်လာသဖြင့် ပြည်ကြီးမျက်ရှင်ကားဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိပြီး (၁က) အကွာရာယာဉ်အိုယာဉ်ဟောင်းများ ဝယ်ယူစုဆောင်းထားသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်ကြီးများက သင်္ကြန်ပိတ်ရက်မတိုင်မီ လက်ဝယ်ရှိယာဉ်များအား မန္တလေးတိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်အိုယာဉ်ဟောင်းလက်ခံရေးဌာနတွင် အလုအယက် လာရောက်အပ်နှံနေကြရာ ပထမနေ့၌ပင် စီးရေ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

အရက်အလွန်အကျွံသောက်ပြီး တိုက်ပေါ်မှခုန်ချ

မန္တလေး၊ ဧပြီ ၇

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြား ဟေမမာလာ မြောက်ရပ်ကွက်တွင် ဧပြီ ၂ ရက် ည ၉ နာရီက နေအိမ်ပေါ်မှ အမျိုးသားတစ်ဦး သေဆုံးနေကြောင်းသတင်းအရ မဟာအောင်မြေမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ၎င်းရပ်ကွက်နေ ထွန်းထွန်းဝင်း ဖြစ်ပြီးအရက် အလွန်အကျွံသောက်ပြီး စိတ်ဖောက်ပြန်ကာ ၎င်း၏နေအိမ်လေးထပ်တိုက် တတိယထပ်မှ ခုန်ချ၍ သေဆုံးနေသည်ကို တွေ့ရသဖြင့် စစ်ဆေးလျက် ရှိသည်။

မောင်ပြည်သူ(မန္တလေး)

ကွန်ကရစ်ဖျော်စက်အတွင်း ပြုတ်ကျသေဆုံး

ရန်ကုန်၊ ဧပြီ ၇

ဧပြီ ၄ ရက် ညနေ ၆ နာရီခန့်က ရွှေပြည်သာမြို့မရဲစခန်းမှ ဒုရဲအုပ်ဇင်မင်းလတ် တာဝန်ထမ်းဆောင်နေစဉ် ကွန်ကရစ်ဖျော်စက်အတွင်း လူတစ်ဦး ပြုတ်ကျသေဆုံးသဖြင့် အင်းစိန်ဆေးရုံသို့ ရောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ရွှေရစ်ဝိုင်း ကွန်ကရစ်စက်ရုံ သန့်ရှင်းရေးလုပ်သား နန်းအောင် ဖြစ်ပြီး ညနေ ၅ နာရီ ခန့်က ကွန်ကရစ်ဖျော်စက်အတွင်း သန့်ရှင်းရေးလုပ်ရန်ဆင်းရာကခြေချော်ပြုတ်ကျခဲ့ပြီး ဒလက်ဖြင့် ဝမ်းဗိုက်ကိုထိခိုက်ခဲ့သောကြောင့် စက်ရုံတာဝန်ရှိသူများက အင်းစိန်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ပြီး ရွှေပြည်သာမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၄/၁၄ ဖြင့် စစ်ဆေးလျက်ရှိသည်။ (၃၁)

ဒလမြို့နယ်တွင် လောင်းကစားဝိုင်း ဖမ်းဆီးရမိ

ရန်ကုန်၊ ဧပြီ ၇

ဧပြီ ၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ဒလမြို့ရဲစခန်းမှ ဒုရဲအုပ်ကျော်စိုးဟန်နှင့်အဖွဲ့သည် ဒလမြို့နယ် ရာဇကုမာရလမ်းနှင့် သမိန်ဗရမ်းလမ်းထောင့်တွင် ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက် စစ်ဆေးခဲ့သည်။ အဆိုပါနေရာတွင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နေ လောင်းကစားသမား ခုနှစ်ဦးတို့ကို ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဖဲချပ် ၅၂ ချပ်နှင့် လောင်းကြေးငွေကျပ် ၁၀၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ဒလမြို့မရဲစခန်းက (ပ) ၁၄၂/၁၄ လောင်းကစားပုဒ်မ ၁၂ (က)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၃၁)

သတင်းတိုများ

ခိုးယူပစ္စည်းများ ဖမ်းမိ

ပုသိမ်ကြီးမြို့နယ် ဘူးကုန်းကျေးရွာအတွင်း ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့မရဲစခန်းမှ ဒုရဲအုပ် မိုးမင်းဝင်းနှင့်အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ နယ်မြေသတင်းစုံစမ်းနေစဉ် ကျေးရွာလမ်းပေါ်တွင် ခင်ဇော် ၄၈ နှစ် ကုန်းတန်းကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူသည် LGတံဆိပ် EVD စက်တစ်လုံး၊ အဝတ်အစားအသစ်များနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးရာ ခိုးယူလာကြောင်း သိရသဖြင့် ရဲစခန်းက (ပ)၈၅/ ၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မိုဘိုင်းဆိုင်အဖောက်ခံရ

ဧပြီ ၃ ရက် ည ၉ နာရီခွဲခန့်က ကမာရွတ်မြို့နယ်နေ မကြည်အေးသည် ဟန်းဆက်ပစ္စည်းအရောင်းဆိုင်ကိုပိတ်ခဲ့ပြီး နောက်တစ်နေ့ နံနက် ၈ နာရီခွဲခန့်တွင် ဆိုင်ဖွင့်ရန် ရောက်ရှိစဉ် ဆိုင်အမိုးသွပ်ပြား ပျက်စီးနေသည်ကို တွေ့ရသဖြင့်စစ်ဆေးခဲ့ရာဆိုင်အတွင်းရှိ မှန်ပုံးအတွင်းမှ လက်ကိုင်ဖုန်းခွဲ ၁၀ လုံးနှင့် တက်ဘလက်တစ်လုံး စုစုပေါင်းတန်ဖိုးကျပ် ၁၀၀၃၀၀၀ ခန့် ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်ကြားထားကြောင်း သိရသည်။ (၃၁)

ပြင်ဦးလွင်မြို့ပတ်လမ်းအနီးတွင် တမလန်းသစ် တရားမဝင်သယ်ဆောင်မှုများ စစ်ဆေးသိမ်းဆည်း

ပြင်ဦးလွင်၊ ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) မြို့ပတ်လမ်းစက်မှုကျောင်းအနီးတွင် ဧပြီ ၃ ရက်က ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့်အဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မင်းထိုက်နှင့် မြို့မရဲစခန်းမှ ဒုရဲအုပ်နိုင်ဦးအဖွဲ့၊ ၁၆ မိုင်ဂိတ်မှ အကောက်အခွန်မှူး ဦးအောင်ထွန်းဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၃ ရက် ည ၉ နာရီခန့်က သတင်းအရ သိန်းဝေ(ခ)ဇော်ကြီး ၃၇ နှစ် ရပ်ကွက်ကြီး(၁) ပြင်ဦးလွင်မြို့နယ်နေသူမောင်းနှင်ပြီး ရဲထက် ၁၉ နှစ် အောင်ချမ်းသာရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူ လိုက်ပါလာသည့် ဟီးနိုး ၁၂ ဘီးယာဉ်အား ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် တမလန်းသစ်လုံး ခြောက်လုံး သုည ဒသမ ၈၀၆ တန်၊ တမလန်းခွဲသားရှေ့ ၇၈ လုံး ၅ ဒသမ ၃၅၄၄ တန်၊ တမလန်းတိုင် ၂၄ လုံး ၁ ဒသမ ၃၂၂ တန် စုစုပေါင်း တမလန်းတုံး/တိုင် ၁၀၈ လုံး ၇ ဒသမ ၄၈၂၄ တန် ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းပြီး သစ်တောဥပဒေပုဒ်မ ၄၂(ခ)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ဧပြီ ၂ ရက် နံနက် ၈ နာရီခွဲခန့်ကလည်း ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာ မောင်းတံဂိတ်တွင် စဉ့်ကူးဘက်မှ မန္တလေးဘက်သို့ စိုးလွင် ၄၀ နှစ် ရပ်ကွက်(၁)စဉ့်ကူးမြို့နေသူ မောင်းနှင်လာသည့် မှန်လုံယာဉ်အား ကြာနီကန်ရဲကင်းမှူး ဒုရဲအုပ်ဇေလတ်နှင့်အဖွဲ့၊ ကြာနီကန်သစ်တောနယ်မှ တောအုပ်ဦးရေခဲနှင့် ပူးပေါင်းအဖွဲ့က ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တမလန်းခွဲသားရှေ့ ၁၉ တုံး ၁ ဒသမ ၀၀၄၂ တန် တွေ့ရှိသဖြင့် သိမ်းဆည်းပြီး သစ်တောအက်ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

အသိပေးကြေညာချက်

မေ ၆ ရက်က နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ညနေ ၃ နာရီ ၃၀ မိနစ်ခန့်မှ စတင်၍ ၃ နာရီ ၅၅ မိနစ်ခန့်ထိ မိုးရွာသွန်းခဲ့ရာ မိုးသီးများကြွေကျသည်အထိ ရွာသွန်းခဲ့သည်။ နေပြည်တော် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်အတွင်း မိုးသီးကြွေကျမှုအား ကလေးငယ်တစ်ဦး ကောက်ယူနေစဉ်။ သတင်းနှင့် ဓာတ်ပုံ - နေဇာ(ပိတောက်ရိပ်)

ချင်းပြည်နယ် ဟားခါးမြို့နယ်၏ စာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲ နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပ

ဟားခါး၊ မေ ၇

ချင်းပြည်နယ် ဟားခါးမြို့နယ် စာတတ်မြောက်ရေး လှုပ်ရှားမှု ဖွင့်ပွဲကို မေ ၆ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ကလေးတက္ကသိုလ် ပါမောက္ခချုပ် (ကိုယ်စား)သမိုင်းဌာနမှ ကထိက ဒေါက်တာတင်မောင်ထွေးက စာတတ်မြောက်ရေးလှုပ်ရှားမှုကို ရှင်းလင်းတင်ပြသည်။

ကလေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား သမိုင်းအထူးပြုဖြင့် ဒုတိယနှစ်တက်ရောက်နေသော မောင်သျှားဒရက်မွန်သောနက တာဝန်လက်ခံကြောင်း တင်ပြသည်။

အဆိုပါ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ကလေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀ ပါဝင်ပြီး ကြီးကြပ်သူ ဆရာ၊ ဆရာမပေါင်း ၂၀ ကျော်ဖြင့် ဟားခါးမြို့နယ် ကျေးရွာများတွင်စာတတ်မြောက်ရေးလှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လိုက်ပါလာသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကလည်း စိတ်အားထက်သန်မှုအပြင် မိမိကျောင်းဂုဏ်နှင့် ပါဝင်ဆောင်ရွက်နိုင်မှုအပေါ်များစွာ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟားခါးမြို့နယ်အတွင်း ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ သာသနာပြုကျောင်းများသို့ စေတနာရှင်မိ သားစုများ စုပေါင်း၍ဆန် ၁၉ အိတ်၊ ဆီကိုးပုံးနှင့် နဝကမ္မဝတ္ထု အလှူတော်ငွေ ကျပ် ၁၇၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရွှေစည်းခုံသို့လည်ပတ်သော နိုင်ငံခြားဧည့်သည်များမှာ အလှူငွေထုတ်ပြန်ကြေညာမှုအား အထူးစိတ်ဝင်စား

ရန်ကုန်၊ မေ ၇

ပုဂံရှေးဟောင်းနယ်မြေမှ အထင်ကရနေရာတစ်ခုဖြစ်သော ရွှေစည်းခုံစေတီတော်ကြီးသို့ လာရောက်လည်ပတ်လေ့လာကြသော ပြည်ပနိုင်ငံခြားဧည့်သည်များအနေဖြင့် စေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ လစဉ်ရရှိသော အလှူငွေစာရင်းထုတ်ပြန်ကြေညာချက်ဘုတ်အား အထူးစိတ်ဝင်စားကာ လေ့လာကြကြောင်း စေတီတော် ဂေါပကအဖွဲ့၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

"လာတဲ့နိုင်ငံခြားသားတွေက လစဉ်ထုတ်ပြန်ကြေညာထားတဲ့ အလှူငွေစာရင်းကိုကြည့်ပြီး အံ့ဩကြတယ်။

သူတို့ပါလာတဲ့ Guide တွေကို မေးပြီး ဒေါ်လာနဲ့ ဘယ်လောက်ရှိလဲဆိုတာကိုပါ တွက်ချက်ကြတယ်။ သူတို့က ဘယ်နေရာမှ အခုလိုပွင့်လင်းမြင်သာစွာ ရရှိငွေကို မကြေညာထားလို့ သေချာလေ့လာကြတာပါ" ဟု ရွှေစည်းခုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးဝင်းမောင်မြင့်က ပြောသည်။

ရွှေစည်းခုံစေတီတော်ကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် လစဉ် ရွှေသင်္ကန်း၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် အထွေထွေဝေယျာဝစ္စတို့၏ အလှူခံပုံးများနှင့် ပြေစာမှရရှိငွေ ကျပ်သိန်း ၅၀၀ နီးပါးရရှိပြီး အလျား ၁၅ ပေ၊ အမြင့် ၆ ပေရှိသော အဖြူရောင် White Board ဖြင့် ကြေညာထားကာ လတစ်လ၏ ၂၅ ရက်နေ့တိုင်းတွင် အလှူခံပုံး ၁၈ ပုံးတို့မှ ရရှိသော အလှူငွေများအား ဝန်ထမ်း ၄၀ နီးပါးဖြင့် ရေတွက်နေစဉ် ငွေအကြွေလိုအပ်သူများကိုပါ လဲလှယ်ပေးနေသောကြောင့် နိုင်ငံခြားသားများအနေဖြင့် များပြားလှသောအလှူငွေအမြောက်အမြား ပုံနေသည်ကို မြင်တွေ့အံ့ဩကာ ခရီးစဉ်တွင်းလည်ပတ်နေစဉ် ပုဂံဒေသမှ ကလေးငယ်များပေးရန် ငွေအကြွေ လဲလှယ်ကြကြောင်း သိရသည်။

ရွှေစည်းခုံစေတီတော်ကြီးသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ၏ အခြားစိတ်ဝင်စား၍ လေ့လာသောနေရာများမှာ ဘုရားတောင်ဘက်ရှိ ကိုလိုနီခေတ်လက်ရာ ရုပ်စုံတန်ဆောင်း၊ ဘုရား၏အနောက်တောင်ထောင့်တန်ဆောင်းရှိ အိုနာသေနှင့် ရဟန်းဝတ်ရှေးဟောင်း ရုပ်တုများ၊စေတီတော်ကြီး အရှေ့တောင်ဘက် အင်္ဂါထောင့်ရှိ အနော်ရထာတိုက်မှ ပုဂံခေတ်ကျွန်းသစ်တံခါး၊ အရှေ့တောင် အင်္ဂါထောင့်ရှိသီးခြားအဆောင်ရှိ ကုန်းဘောင်ခေတ်လက်ရာ ၃၇ မင်းနတ်ရုပ်များ၊ ရွှေစည်းခုံစေတီတော်ကြီး၏ အင်ဂျင်နီယာပုံအဖြစ် ချိတ်ဆွဲထားသော ရုပ်ပုံများနှင့် စေတီတော်ကြီးအတွင်းတစ်နှစ်ပတ်လုံး ပွင့်လျက်ရှိသည့် ခရေပင်များဖြစ်ကြောင်း သိရသည်။

"ဒီလတွေက အရမ်းပူတဲ့လတွေဖြစ်ပေမယ့် တစ်နေ့ကို နိုင်ငံခြားသားတွေ၁၅၀ နီးပါးလောက်လာကြပါတယ်။ အများဆုံးကတော့ အာရှမှာ ထိုင်းနဲ့ ကိုရီးယားဖြစ်ပြီး ဥရောပနိုင်ငံတွေကတော့ စပိန်၊ အီတလီ၊ နောက် အမေရိကန်တွေပါ။ မနှစ်က တစ်နေ့ကို ၁၀၀ နီးပါးလောက်ပဲ ဆိုတော့ ဒီနှစ်တော်တော် များလာပါတယ်"ဟု စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးဝင်းမောင်မြင့်က ပြောသည်။

ရွှေစည်းခုံစေတီတော်ကြီးအား ခရစ်နှစ် ၁၀၅၉ ခုနှစ်တွင် အနော်ရထာမင်းကြီးက အတွင်းစေတီတော်အဖြစ် တည်ထားနေစဉ် မပြီးပြတ်သောကြောင့် နှစ် ၃၀ အကြာ ခရစ်နှစ် ၁၀၈၉ ခုနှစ်တွင် ကျန်စစ်သားမင်းကြီးက ဆရာတော် ရှင်အရဟံမှ ပိုမိုတောင့်တင်းခိုင်မာစေရန် ယခင် အတွင်းစေတီငယ်အားငုံ၍ စေတီတော်ကြီးအား တည်ရန်မိန့်ကြားတော်မူသဖြင့် ဉာဏ်တော် ၁၆၀ ပေ၊ တောင်မြောက် ၁၆၀ ပေ၊ အရှေ့အနောက် ၁၆၀ ပေရှိသော တြိချိုးနည်းအခြေခံကာ လူတစ်ရစ်၊ နတ်နှစ်ရစ် ခြောက်လဖြင့်သာ အမြန်ပြန်လည်တည်ထားနိုင်ခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

မန္တလေးတိုင်းဒေသကြီးတွင် မှုခင်း လျော့ကျရေးအတွက် ရဲတပ်ဖွဲ့အင်အား တိုးချဲ့

မန္တလေး၊ မေ ၇

မန္တလေးမြို့အတွင်း မှုခင်းများ ဖြစ်ပွားလာမှု များပြားနေသည့်အတွက် မှုခင်းကြိုတင်ကာကွယ်ရေး အတွက် ရဲတပ်ဖွဲ့အင်အားကို တိုးချဲ့ကာ လှည့်ကင်းများဖြင့် စောင့်ကြည့်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ လှည့်ကင်းများဖြင့် ကင်းလှည့် စောင့်ကြည့်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လူစည်ကားရာနေရာများဖြစ်သောကျုံးဘေးလမ်းနှင့်မန္တလေးတက္ကသိုလ်အနီး တစ်ဝိုက်အပြင် မြို့နယ်ငါးမြို့နယ်ရှိ နေရာများကို ဆိုင်ကယ်များ၊ ကားများဖြင့် ကင်းလှည့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီမြစ်ကမ်းတစ်လျှောက်၊ ကန်တော်ကြီး အစရှိသည့် နေရာများကိုလည်း နေရာလပ်မကျန်အောင် ကင်းများလှည့်လည် စောင့်ကြည့်လျက်ရှိကြောင်း မန္တလေးတိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးနှင့် ငါးမြို့နယ် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အင်အား ၃၀၀ ကျော်ကို ထပ်မံအင်အားဖြည့်ထားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကိုလည်း ညပိုင်းအထိ အင်အားဖြည့်ကာ ညပိုင်းစည်းကမ်းမဲ့ကားများကိုလည်း ဖမ်းဆီးလျက် ရှိသည်။

မန္တလေးမြို့တွင် မှုခင်းဖြစ်စဉ်များ လျော့ကျစေရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေး ဟောပြောပွဲများကို မြို့နယ်များအလိုက် တစ်နှစ်လျှင် နှစ်ကြိမ် ဟောပြောကျင်းပလျက်ရှိပြီး မှုခင်းများ မဖြစ်ပွားစေရေးအတွက် လိုက်နာရမည့် အချက်များကို ပြည်သူများ ဗဟုသုတရရှိစေရန် ရည်ရွယ်ကာ ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေလျက်ရှိသည်။

အောင်(မန်း)

ယမင်းသူ
UMG COLLEGE
ဦးညဏ်လွင်
Ph: 01 353203, 09 420737118
ပြောင်းကျက်ဝယ်လိုသည်
09 31268183
09 31589922

ကြော်ငြာ

EAGLE GUEST HOUSE

[illegible] EAGLE [illegible]

[illegible]

ငှားရန်ရှိသည်

[illegible]

ဆက်သွယ်ရန်ဖုန်း - ၀၉ - [illegible]

မြေကွက်အမြန်ရောင်းမည်



ဆက်သွယ်ရန်
09 6450564, 09 2059696
09 43177001, 09 5088890

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စံတော်ချိန်မီဒီယာလုပ်ငန်းများအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

The Standard Time Media Enterprise Public Company Limited.

အစုရှယ်ယာဝယ်ယူခွင့်အဆိုပြုလွှာများ စတင်မိတ်ခေါ်ခြင်း

၁။ [illegible] (The Standard Time Media Enterprise Public Company Limited) [illegible]

၂။ [illegible] (Certificate for Commencement of Business) [illegible]

၃။ [illegible] ၁၀,၀၀၀/- [illegible] ၁,၀၀၀,၀၀၀/- [illegible]

၄။ [illegible] Email - [illegible]@gmail.com [illegible]

ရုံးချုပ် (၁) - [illegible]
ရုံးခွဲ (၂) - [illegible]
ရုံးခွဲ (၃) - [illegible]
[illegible] - [illegible]
[illegible] - [illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၂၊ အကျယ်အဝန်း(မျက်နှာစာ ၅၃ပေ×ပေ၉၀)ခန့်မှန်းရှိ ဂရန်မြေကွက်နှင့် အမှတ်-၁၀၂၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ၂၃-၁၂-၂၀၁၁ ရက်စွဲပါ အမှုတွဲအမှတ်-၈/သစ်/၄၅၅၁/၂၀၁၁ဖြင့် အထူးဂရန်လျှောက်ထား၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အေး[၁၂/လမန(နိုင်)၀၉၀၁၅၂]ထံမှ ကျွန်မ၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်သူ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင်(LL.,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅၊ (မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၁၈၉၈၊ ၃၉၁၂၄၈၊ ၃၉၂၀၉၀၊ ၀၉-၅၀၂၁၂၄၄

အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၃)၊ ဧရိယာ(အလျား၆၅'×အနံ ၇၅') အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အဆောက်အအုံ(၁)လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလျက် ယနေ့တိုင်လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်မြင့်မြတ်ခိုင်[၁၂/မဂဒ(နိုင်)၀၉၂၂၃၉]ထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၆၆)
အမှတ်-၆၅၃၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၃၁၄၄၇၀၄

ဦးခင်ဟန်[၁၂/ဗဟန(နိုင်)၀၅၄၇၄၉]သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပဲမှီကုန်းအနောက်ကွင်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ မြေကွက်အမှတ်-၅၀ ၇၊ ဧရိယာ(၀. ၁၈၃)ဧကနှင့် မြေကွက်အမှတ်-၅၀ ၈၊ ဧရိယာ(၀. ၁၈၂)ဧကရှိ မြေပိုင်မြေ(၂)ကွက်နှင့်ပတ်သက်၍ နှစ်ဖက်ထားရှိခဲ့ကြသည့် ကတိပဋိညာဉ်များအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် နောက်ဆုံးထားပြီး ချုပ်ဆိုပေးနိုင်ပါရန်အတွက် ဆက်သွယ်ပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။

ဒေါ်မေမြတ်ခိုင်
[၁၂/ကတတ(နိုင်)၀၂၆၂၇၉]
အမှတ်-၂၇၆/၆၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမျိုးညွန့်စိုး
အသက်(၃၅)နှစ်
DSA-43

သူငယ်ချင်း ဗိုလ်မှူးမျိုးညွန့်စိုးသည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၃)မှ သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၂)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၂၈၆)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းအောင်[၁၂/ဒဂန(နိုင်)၀၁၂၆၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စိန်စိန်၏လွှဲအပ်ညွှန်ကြားချက်အရ-

သန်လျင် ဦးထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)
LL.B, CBL, Dip in Business Law; Dip in Maritime Law;
Dip in International Law;
Dip in Applied Psychology; WIPO(Switzerland)
တိုက်(၉/၁၁)၊ အခန်းအမှတ်(၀၀၄)၊ မြေညီထပ်၊ (၃၆)လမ်းနှင့်
အခန်းအမှတ်(B-4)May Shopping၊ ပန်းဆိုးတန်းနှင့်ကုန်သည်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၄၃၀၉၆၊ ၀၁-၅၂၂၉၅၅

အများသိစေရန်ကြေညာချက်

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဆွေဆွေ(အမရပူရ)
အသက်(၈၅)နှစ်

ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)(စီမံကိန်းများညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ချိုချိုတို့၏ မိခင် ဒေါ်ဆွေဆွေသည် ၃-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ည(၈း၂၃)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Myanmar Telecommunication & Technology Services Co.,Ltd
Horizon Co.,Ltd

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမျိုးညွန့်စိုး
အသက်(၃၅)နှစ်
DSA-43

သူငယ်ချင်း ဗိုလ်မှူးမျိုးညွန့်စိုးသည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၄၃)
အောင်ဆန်းတပ်ခွဲမှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးစိုးသူရ(ငြိမ်း) OTS-97
ဗထူးတိုက်ခိုက်ရေးကျောင်း

အမှတ်(၄၉/၁၃)၊ ပုလဲလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးစိုင်းကျော်မြင့်(မြို့နယ်တရားသူကြီး-ငြိမ်း)နှင့် ဒေါ်သန်းတင်တို့၏ သား ဗိုလ်ကြီးစိုးသူရ(ငြိမ်း)သည် ၃-၄-၂၀၁၄ ရက် နံနက် ၆ နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

OTS-97 မှ သူငယ်ချင်းများ

[illegible]

[illegible]

ဆက်သွယ်ရန် - ၀၉-[illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးတင်ဆောင်

အသက် (၈၃)နှစ်

(အိရွှေစင်ရတနာရွှေဆိုင်)

(ရွှေသဇင်ရတနာရွှေဆိုင်)

(ကျောက်ပန်းတောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၆၂/A)၊ ဓမ္မစေတီလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးခင်ဌေးမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်ကြည်၊ မတင်မျိုးခိုင်၊ ကိုအောင်မျိုး၊ မတင်လဲ့ခိုင်၊ မခင်မျိုးသန့်၊ ဦးကျော်စွာထွန်းတို့၏ဖခင် ဦးတင်ဆောင်သည် ၄-၄-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၄ ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နီနီတင် (ဖော်လမြိုင်)

အသက် (၈၀)

[illegible] (FAME Pharmaceuticals) [illegible]

FAME Pharmaceuticals မှ

ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးသက်ခိုင်(ခ)ကန်ကင်ကျွိ

အသက်(၈၁)နှစ်

(ဖျာပုံ)

ဒေါ်ခင်အေးချို(ခ)ဒေါ်အေးအေးချို၏ဖခင် ဦးသက်ခိုင်(ခ)ကန်ကင်ကျွိသည် ၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Royal Summit Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဦးသက်ခိုင်(ခ)ကန်ကင်ကျွိ

အသက်(၈၁)နှစ်

(ဖျာပုံ)

ဒေါ်ခင်အေးချို(ခ)ဒေါ်အေးအေးချို၏ဖခင် ဦးသက်ခိုင်(ခ)ကန်ကင်ကျွိသည် ၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

TAG Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးညီညီအောင်(ခ)ဦးညီ

အသက်(၅၀)

ဒါရိုက်တာ(လုပ်ငန်း)၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်

မိဘသဖွယ် ရိုသေလေးစားရပါသော ဦးညီသည် ၂-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ထူး ကုမ္ပဏီ-မန္တလေးရုံးခွဲမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်နွယ်

အသက်(၈၂)နှစ်

ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)-ဒေါ်မေသက်ထွန်းတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ညွန့်နွယ် အသက်(၈၂)နှစ်သည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာ(သစ်အခြေခံ)နှင့်အရာထမ်း/အမှုထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ

ဆင်မင်းဦးတင်ရွှေ

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံနေ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အသုတ်မြို့၊ ဓမ္မမာမက လူငယ်အဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးသောင်းထွန်း (အသက်-၇၂)နှစ် နာမကျန်းဖြစ်စဉ် ဝိုင်းဝန်းကူညီပြုစုစောင့်ရှောက်ပေးခဲ့သော ဒေါက်တာဒေါ်ဥမ္မာထွန်း၊ ဒေါက်တာဦးကျော်စိုးကျော်၊ ဒေါက်တာဦးမိုးနိုင်၊ ဒေါက်တာဦးထင်လွင်၊ ဒေါက်တာဦးဝင်းကျော်၊ ဒေါက်တာဦးသီဟညွန့်၊ ဒေါက်တာဦးမင်းဦး၊ ဒေါက်တာဦးအောင်ပြည့်ထွန်း၊ ဒေါက်တာဦးအောင်၊ ဒေါက်တာဦးအောင်လောဟာ၊ ဒေါက်တာဦးစောအောင်မိုးအေးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး အထူးကြပ်မတ်ဆောင်မှ တာဝန်ကျ ဆရာဝန်၊ ဆရာမများနှင့်အတူ Mascots Co.,Ltd, Fourteen Stars Co.,Ltd.မှ ဝန်ထမ်းများ၊ လာရောက်သတင်းမေး ဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီးမှ မိသားစုဆွေမျိုး၊ အသိုင်းအဝိုင်းများအားလုံးကို ကျန်ရစ်သောမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

တာချီလိတ်မြို့နေ မိခင်ကြီး ဒေါ်မြမေ၏ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော တာချီလိတ်မြို့၊ မေတ္တာရှင်နာရေးကူညီမှုအသင်း၊ ရွှေတာချီခရီးသွားလုပ်ငန်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကျိုင်းတုံမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန(ရုံးခွဲ)၊ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန၊ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနနှင့် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း အားပေးကူညီနှစ်သိမ့်ပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ဦးကျော်လှ-ဒေါ်နန်းခမ်းထွေး၊ အမှုဆောင်အရာရှိ
ကျိုင်းတုံမြို့နယ်စည်ပင်

ကျေးဇူးအထူးတင်ရှိခြင်း

သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ

ဆင်မင်းဦးတင်ရွှေ (အသုတ်မြို့)

(ဆင်မင်းဆပ်ပြာစက်)၊ ကျိုက္ကစံစေတီတော်ဂေါပကဥက္ကဋ္ဌ

အသက်(၈၁)နှစ်

၃၁-၃-၂၀၁၄ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေ အသက်(၈၁)နှစ်အား နာမကျန်းဖြစ်စဉ် စောင့်ရှောက်ကုသပေးပါသော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bumrungrad International Hospital ဆေးရုံကြီးမှ သမားတော် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလည်းကောင်း။ နာရေးကိစ္စဆောင်ရွက်နေစဉ် တစ်လျှောက်လုံး အဆင်ပြေချောမွေ့စေရန် မိသားစုသဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ-ဂျပန်အသင်း(Myanmar - Japan Association MJA)၊ အထက(၂)ဗဟန်း(နန်ယန်) ဆရာ/ဆရာမများနှင့် ကျောင်းသား/သူဟောင်းများ၊ တိပိဋကဓမ္မရက္ခိတအဖွဲ့ဝင်များ၊ မဇ္ဈိမဒေသကုသိုလ်တော် အကျိုးဆောင်အဖွဲ့ချုပ်၊ ပါရမီရှင်အသင်း ကျိုက္ကစံစေတီတော်၊ ဗိုလ်စိန်မှန် သီတဂူအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျိုက္ကစံစေတီတော်ဂေါပက အဖွဲ့ဝင်များ၊ တိပိဋကနိကာယအဖွဲ့ဝင်များ၊ ပဥ္စနိကာယအဖွဲ့ဝင်များ၊ ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကိုးရှစ်ဆူဓမ္မာရုံဂေါပကအဖွဲ့ဝင်များ၊ သီတဂူအထောက်အကူပြုအဖွဲ့(ဆရာစံ) နိဗ္ဗာန်ဆော်(ဝါးတွင်းဝါပ) ဆွမ်းလောင်းအသင်းအဖွဲ့ဝင်များ၊ အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၊ အသုတ်မြို့သူ/သားများ၊ ကျုံကဒတ်ကျေးရွာ ဆရာတော်ကြီးနှင့်တကွ ကျေးရွာသူ/သားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများ စျာပနသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ ၇-၄-၂၀၁၄ ရက်(တနင်္လာနေ့)တွင် အသုတ်မြို့ ဓမ္မနာဒဝေဠုဝန်ရိပ်သာဝင်း၌ အရိုးပြာအိုးဂူသွင်းခြင်းသို့ လိုက်ပါပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အသုတ်မြို့ရိပ်သာအဖွဲ့ဝင်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ရဟန်းမယ်တော်ကြီး ဒေါ်ညွန့်ရီ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ ဝိဇ္ဇာမဂ္ဂင် ဘိုးဘွားဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် အရှင်ကောဝိဒ(နယ်လှည့်ဓမ္မကထိက) သာသနဓဇဓမ္မာစရိယ၏ ရဟန်းမယ်တော်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ တုံးလှဲ့ကျေးရွာနေ ဦးဖိုးမောင်-ဒေါ်သိန်းရင်တို့၏သမီး၊ (ဦးငွေစ)၏ဇနီး၊ ဦးအုန်းကြည်၊ ဦးတင်ရွှေ၊ ဦးဝိမလ၊ ဦးမြသိန်းထွန်း၊ ဦးညွန့်ဝင်း၊ (ဦးသိန်းကြွယ်)၊ ဦးဇော်မင်းထွန်းတို့၏မွေးသမိခင် ရဟန်းမယ်တော်ကြီး ဒေါ်ညွန့်ရီသည် (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ရက်) ၄-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ဝိဇ္ဇာမဂ္ဂင်ကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း) (စီမံကိန်းများ ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ချိုချိုဝင်းတို့၏မိခင် ဒေါ်ဆွေဆွေ(အမရပူရ) အသက်(၈၅)နှစ်သည် ၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဗိုလ်နောင်နှင့်ဇနီး ဒေါ်ခင်အေးရီမိသားစု၊ ဥက္ကဋ္ဌ (စစ်ကိုင်းအသင်း)

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဆောင်

အသက် (၈၃)

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)

အသက်(၈၈)နှစ်

ဆရာ့အား စစ်တက္ကသိုလ်အမှတ်စဉ်(၁) လေ့ကျင့်ရေးဌာန၏ စစ်ဘက်တပ်ခွဲမှူးတစ်ဦးအနေနှင့် ဆုံစည်းခဲ့ကြရပါသည်။ ၄-၄-၂၀၁၄ ရက်တွင် ဗဟန်း၊ ရွှေဂုံတိုင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာ-ကောင်းရာသုဂတိရောက်ပါစေ။

စစ်တက္ကသိုလ်အမှတ်စဉ်(၁)
(၁၉၅၅-၅၉) မှ အငြိမ်းစား တပည့်ကျောင်းဆင်းအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)

အသက်(၈၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)သည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂)
ကျောင်းဆင်း အရာရှိများနှင့်မိသားစုများ

နော်ရီလာညွန့်(လဝကမှူး-ငြိမ်း) မြောက်ပိုင်းခရိုင်သို့ (၃)နှစ်ပြည့်အလွမ်း

ရီလာရေ ကိုယ့်ကိုခွဲခွာသွားတာ (၃)နှစ်ကြာခဲ့ပေမယ့် တစ်နေ့မှ မမေ့ခဲ့ပါဘူး။ နှစ်စဉ် ဧပြီလ ၈ ရက်တိုင်း ဘုရားကျောင်းမှာ အောက်မေ့ဖွယ် အလှူဒါနကို ကောင်းကင်ဘုံမှ ကြားပါစေ--- သိပါစေ ရီလာရေ---

ချစ်ခင်ပွန်း ကိုကိုအေး(အင်းစိန်)

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြိုင်ကြိုင်

အသက်(၈၈)နှစ်

ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း)(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥက္ကဋ္ဌ အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)-ဒေါ်သန်းသန်းနွဲ့တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြိုင်ကြိုင်သည် ၂-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်အောင်မြင့်

ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)

ကြည်း-၅၈၉၆

အသက်(၈၈)နှစ်

ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)(ငြိမ်း) နိုင်ငံတော်ကောင်စီဝင်(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း)သည် ၄-၄-၂၀၁၄ ရက် နံနက် ၂း၄၀ နာရီတွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန့်စင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်နွယ် (၈၂)နှစ်

(ဘိုကလေး)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် ဇနီး ဒေါ်မေသက်ထွန်းတို့၏ မိခင် ဒေါ်ညွန့်နွယ်သည် ၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း-ဒေါ်တင်ဝင်း မိသားစု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဒေါ်ကျင်သိန်း အသက်(၉၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊သတိပဋ္ဌာန်လမ်း၊ အမှတ်(၆၄)နေ (ဦးရင်း-ဒေါ်အေးမျှင်)တို့၏သမီး၊ (ဦးလှသော်)၏ဇနီး၊ ဦးမောင်မောင်သန်း-ဒေါ်ဝင်းဝင်းလွင်၊ (ဦးစိုးဝင်းအောင်-ဒေါ်ခင်အေးခိုင်)၊ (ဦးလှရွှေ)၊ဦးမောင်ချို-ဒေါ်နန်းအေးအေးမင်း၊ဦးမောင်မောင်အေးတို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ကျင်သိန်းသည် ၇-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်သန်းချစ် အသက်(၇၀)

(သထုံ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ အမှတ် (၃၂၅)နေ (ဦးအောင်သိန်း - ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်နှင်းမြ)တို့၏ သမီးချွေးမ၊ (ဦးထွန်းသန်း)၏ဇနီး၊ (ဦးဘမြိုင်)-ဒေါ်သန်းမြင့်တို့၏ညီမ၊ ဒေါ်ခင်စန်းဝေ၏အစ်မ၊ ဦးသန်းထိုက်မြင့် (PME Co.,Ltd.) - ဒေါ်သီသီဦး၊ ဒေါက်တာနွယ်နွယ်ဦး(အမျိုးသားသွေးဌာန)၊ ဒေါ်အိအိခိုင် (အမက၊ စိန်ရွှေကုန်း)၊ ဦးမျိုးမင်းထွန်း(ပန်းကံ့ကော်စတိုး)တို့၏ မိခင်၊ မမှူးသက်ချယ်၏အဘွားသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅း၁၀ နာရီတွင်ကွယ်လွန်သွားပါ၍၈-၄-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုမင်းနွေလင်းထွန်း(ခ)လင်းလင်း အသက်(၃၉)နှစ်

က. ည. န(ဘောလုံးသမားဟောင်း)

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊၅၀-ရပ်ကွက်၊နေကြာ(၁)လမ်း၊အမှတ်(၄၀၀)နေ ဦးမြတ်ထွန်း(မန်နေဂျာ-ငြိမ်း၊မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း)-ဒေါ်အုန်းမြင့်တို့၏သား၊ ကိုကိုနိုင်-ဒေါ်ဝင်းမင်းထွန်း(လ/ထမန်နေဂျာ-မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းရုံးချုပ်)၊ ဦးမင်းညီညီထွန်း(ဒု-လဝကမှူး၊ လဝက)-ဒေါ်အေးအေးပြုံး (ကြီးကြပ်ရေးမှူး၊ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း) တို့၏ညီ/မောင်၊ မယဉ်မင်းသန့် (ပထမနှစ်-ဥပဒေ၊ ဒဂုံတက္ကသိုလ်)၏ဦးလေးသည် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၈-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ရွှေ (၆၆)နှစ်

BE(Civil)1974-ခုနှစ်

မြင်းခြံမြို့၊ဗိုလ်ချုပ်လမ်း၊ရပ်ကွက်(၁၀)၊ တိုက်နံပါတ်(၅)နေ (ဦးညိုတုတ်-ဒေါ်လုံး)တို့၏သား၊ ဒေါ်အုန်းမေ၊ ဒေါ်အုန်းရွှေ၊ ဒေါ်ခင်မကြီး၊ (ဦးလှညွန့်)၊ဒေါ်အေးအေးညို(ပါမောက္ခ-ငြိမ်း၊ ပထဝီဌာနမှူး၊ မိတ္ထီလာတက္ကသိုလ်)တို့၏မောင်၊ ဒေါ်ငွေးငွေးညို ၏အစ်ကို ဦးတင်ရွှေသည် ၄-၄-၂၀၁၄(သောကြာနေ့) ညနေ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့်၅-၄-၂၀၁၄ ရက်တွင်မြင်းခြံမြို့၊ချောင်းဒေါင်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး ဦးသိန်းရီ(ခ)ဦးငယ်လေး အသက်(၄၈)နှစ်

B.Sc (Geology) (1987)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပုလဲဂေဟာလမ်း၊ အမှတ်(၃)နေ ဦးမောင်မြင့်-(ဒေါ်သန်းရီ)တို့၏ သား၊ ဟင်္သာတမြို့နယ်၊ လက်ပံလှကျေးရွာနေ ဦးငွေ-ဒေါ်ကျင်သန်းတို့၏ သားသမက်၊ ကိုဟန်လင်း-မသန်းသန်းလှတို့၏မောင်၊ ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကောင်းဆက်ဟန် (အထက-၂၊ ကမာရွတ်၊ Grade-9)၏ ဖခင် ဦးသိန်းရီ (ခ) ဦးငယ်လေးသည် ၇-၄-၂၀၁၄ ရက် နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၄ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကိုဇော်ဇော်လွင်(ခ)ငိုသာအောင် အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၃၇-၇၄၁)နေ ဦးငပြူး-ဒေါ်ကျန်နုတို့၏ သား၊ ကျိုက်ထိုမြို့နယ်၊ အင်္ဂပူရွာနေ ဦးနှင်းလှအောင်-ဒေါ်ခင်ညွန့်တို့၏ သားသမက်၊ ဦးမောင်သန်းလွင်-ဒေါ်ဒေါင်းမြရွှေ၊ ဦးစံလှ-ဒေါ်ခင်သန်းတင်၊ ဦးမောင်မောင်လွင်-ဒေါ်တင်တင်ထူး၊ ဦးညီညီနိုင်-ဒေါ်တင်မာချို၊ ဦးဇော်ဝင်း-မခင်မာသန်းတို့၏ညီ/မောင်၊မသွယ်သွယ်အောင်၏ ချစ်လှစွာသောခင်ပွန်း ကိုဇော်ဇော်လွင်(ခ)ငိုသာအောင်သည် ၇-၄-၂၀၁၄ ရက် နံနက် ၁နာရီတွင် ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မဂ္ဂင်လမ်း၊ အမှတ်(၂၈)၊ ရှစ်လွှာ(A) နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးသန်းလွင် အသက်(၈၀)

(ကျောင်းဆရာ-ငြိမ်း)

(ပညာရေးတက္ကသိုလ်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ရာဇာဓိရာဇ်လမ်း၊အမှတ်(၁၄/၈/၁၀၃၃-ဘီ)နေ (ဦးဘထွေး-ဒေါ်ညွန့်ရီ)တို့၏သား၊ ဦးမောင်မောင်(ကုန်သွယ်ရေး-ငြိမ်း)၊ ဦးထူးထူးလွင်-ဒေါ်ဘေဘီ၊ ဒေါ်လီလီလွင်(စက်မှုလယ်ယာ-ငြိမ်း)၊ ဒေါ်သီသီလွင်(ရေအရင်းမြစ်-ငြိမ်း)၊ ဦးဇော်လွင်(မြန်မာ့လေကြောင်း၊ စက်မှုဌာန)-ဒေါ်မိမိဝေ၊ (ကိုညီညီလွင်)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်အေးမိ)၏ ခင်ပွန်း၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

၁၉၂၁၆ အရာခံဗိုလ်/၁၂ အုံကြည်

(တပ်မတော်-ရေ)

အသက်(၅၈)နှစ်

စလင်းမြို့နေ (ဦးတိုး-ဒေါ်ခင်ရီ)တို့၏သား၊ ဒေးဒရဲမြို့နေ [ဦးထင်ကျော်(တိုင်း သ/မ ဌာနခွဲမှူး၊ ငြိမ်း)]-ဒေါ်ခင်မြင့်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၆)လမ်း၊အမှတ်(၃၀၁)နေ ဒေါ်လှလှအေး(ပညာရေးတက္ကသိုလ်) ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းသန်းအောင်၊ မောင်ဖြိုးဟိန်းကျော်တို့၏ ဖခင်သည် ၇-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သဂြိုဟ်ပါမည်။ (လှိုင်နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဝင်း (၅၅)နှစ်

(ငါးသိုင်းချောင်း)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ာကျင်းရပ်ကွက်(၆)လမ်း၊အမှတ်(၁၈/က)နေ (ဦးညွန့်မောင်)-ဒေါ်စန်းရီတို့၏ သားသမက်၊ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးထွန်းခင်-ဒေါ်ထွေးရီ)တို့၏သား၊ (ဦးသန်းဦး)၊ ဒေါ်ခင်ရီ၊ ဒေါ်ခင်ညိုတို့၏ညီ/မောင်၊ ကိုဇော်ဝင်းခိုင်-မအေးမြတ်မွန်(ခေတ္တ-မလေးရှား)၊ မခင်လဲ့လဲ့ခိုင် (ခေတ္တ-ကာတာ)၊ မောင်ကျော်ကျော်ထွန်း(Part Royal Hotel၊ နေပြည်တော်)၊မောင်သီဟထွန်း၊ မောင်သက်ထူးအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဝင်းဝင်းအေး(ခ) မဝတုတ်၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၄-၂၀၁၄(စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဝင်းထွန်း (၄၅)နှစ်

တရားရုံးချုပ်ဝန်ထမ်းဟောင်း

အမှတ်(၁၀၁)၊ ပန်းဆိုးတန်းလမ်း၊ တရားရုံးချုပ်ဝန်ထမ်းရိပ်သာနေ [ဦးမောင်မြင့်(ခ)ဦးပျော့-ဒေါ်သန်း]တို့၏သား၊ ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းမြင့်-ဒေါ်တင်တင်ငွေ၊ ဦးသိန်းဝင်း(တရားရုံးချုပ်)-မမိလုံးတို့၏ ညီ/မောင်၊ ဦးစန်းငွေ-မတင်တင်မိုး၊ မောင်ကျော်ခိုင်ဝင်းတို့၏ အစ်ကို၊ မခင်ငုဝါမြင့်၊ မအိမွန်သန့်၊ မသျှားမွန်သန့်၊ မောင်စန်းကျော်၊ မမြတ်မိုးဟန်တို့၏ ဦးလေးသည် ၇-၄-၂၀၁၄ ရက် နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၄ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၆-၄-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၃) နှင့် ၇-၄-၂၀၁၄ရက်ထုတ် စာမျက်နှာ(၂၂) တို့တွင်ပါ ဦးစိန်ရွှေ(ဟတ်မွန်)(၅၉)နှစ် နာရေးကြော်ငြာတွင် ဦးမျိုးမင်းဇော် (SRS Shipping Co., Ltd.)-ဒေါ်အိအိဝင်းအား ဦးမျိုးမင်းဇော် (SRS Shipping Co.,Ltd.)- ဒေါ်အိအိမ်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေထိန်း(မူးကမ်းကြီး၊ရွှေဘို) အသက်(၁၀၀)

ဒီပဲယင်းမြို့နယ်၊ မူးကမ်းကြီးရွာနေ (ဦးဘိုးတော်-ဒေါ်ညို)တို့၏ သမီးကြီး၊ (ဦးသက်ဝေ-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ (ဦးဘဂျမ်း-ဒေါ်မြမေ)၊ (ဦးဘမောင်)-ဒေါ်သိန်းတင်၊ (ဦးသန်းအောင်)-ဒေါ်သန်းညွန့်၊ (ဦးထွန်းတင်-ဒေါ်ငွေသိန်း)၊ (ဒေါ်ခင်သန်း)တို့၏မမကြီးသည် ၅-၄-၂၀၁၄ရက် ညနေ ၅း၃၀နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညွန့်ဝေ (၉၁)နှစ်

Eco (Hons) MPA (Harvard University)

အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း ယခင်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့၊ အမှတ်(၃၄/၃၆)၊ အခန်း(၃)၊ ချင်းတွင်းရိပ်သာ၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးဘဆွေ-ဒေါ်မမကြီး)တို့၏ သားကြီး၊ (ဒေါ်ငယ်ငယ်စိန်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီရိညွန့်ဝေ-ဦးကြည်ဝင်း၊ ဒေါ်မေအုံးညွန့်ဝေ-ဦးကျော်ညွန့်မှန်၊ ဦးပြည်သစ်ညွန့်ဝေ-ဒေါ်အေးမျိုးနိုင်၊ ဒေါ်စန္ဒာညွန့်ဝေ-ဦးကျော်သန်း၊ ဦးကျော်ထွတ်ညွန့်ဝေ-ဒေါ်ဆွေဆွေမင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၄ (စနေနေ့) နံနက် ၇ နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ သား၊သမီး၊မြေးများ

ဒေါ်စိုးစိုး အသက်(၉၀)

(Sally San Lin)

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ အင်းလျားလမ်းနေ (ဦးစံလင်း)၏ ဇနီး၊ (ဒေါ်မှိမှိလင်း Valerie)၊ ဦးစိုးလင်း(Douglas)-မြဒါလီတို့၏ မိခင်၊ ဝင်းစိုးလင်း-အမရာသီရိမြိုင်တို့၏ အဘွားသည် ၇-၄-၂၀၁၄(တနင်္လာနေ့) နံနက် ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဗိုလ်မှူးမျိုးညွန့်စိုး (၃၆)နှစ်

ဒုတပ်ရင်းမှူး

ပြင်ဦးလွင်မြို့၊မြနန္ဒာရပ်ကွက်၊(CC-31)၊နဝရတ်လမ်းသွယ်(၂)နေ ဦးစိုးတင့်-ဒေါ်လှခင်တို့၏သားကြီး၊မောင်ညီဇော်စိုး၊မောင်ကျော်လင်းဖြိုးတို့၏အစ်ကိုကြီး၊ရန်ကုန်မြို့၊ အုတ်ကျင်းဘုတာရုံလမ်း၊(ငွေမိုးစတိုး)နေ ဦးတင်ထွဋ်-ဒေါ်လှလှဝင်းတို့၏သားသမက်၊ မောင်အောင်မင်းခန့်၏ဖခင်၊ ဒေါ်မြသက်ထွဋ်၏ခင်ပွန်းသည် ၄-၄-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ရက် မွန်းလွဲ၁နာရီတွင် ခုတင်(၇၀၀) တပ်မတော်ဆေးရုံမှ (၈)မိုင်သုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာမကြီး

ဒေါ်အုန်းမြင့်(ခ)ဒေါ်ရွှေတုတ် အသက်(၇၇)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊သစ်တောလမ်း၊အမှတ်(၂၀)နေ (ဦးအုန်းဖေ-ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ (ဦးညွန့်မောင်-ဒေါ်ညွန့်ရီ)တို့၏သမီးကြီး၊[ဦးတင်မြင့် (MEPE၊ ငြိမ်း)]၏ဇနီး၊ ဦးတင်ဦး-ဒေါ်သန်းသန်းဦး၊ (ဦးဝင်းမောင်မြင့်)-ဒေါ်ဆွေဆွေလတ်၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်လှလှ၊ (ဦးခင်မောင်သန့်)-ဒေါ်ခင်သန္တာထွန်း၊ ဦးကိုကိုလတ်-ဒေါ်သက်သက်၊ ဦးစန်းလွင်-ဒေါ်အေးအေးနွယ်၊ ဦးကျော်အောင်(ခ)ဦးအုန်းကူ-ဒေါ်သန္တာမြင့်တို့၏မိခင်၊ မြေး၁၆ယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်အုန်းမြင့် (ခ) ဒေါ်ရွှေတုတ်သည် ၇-၄-၂၀၁၄ရက် နံနက် ၀၀း၄၃နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မသီရိသက်နိုင် အသက်(၃၄)နှစ်

အမှတ်(၉၄)၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ရန်ကုန်မြို့နေ ဦးစိုးနိုင် (အကြံပေးသိန်းကျော်ကျော် Co., Ltd) (မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်၊ တာမွေ)-ဒေါ်နှင်းတို့၏သမီး၊ (ဦးဝင်းထိန်)-ဒေါ်ကျော့ကျော့တင်တို့၏ သမီးချွေးမ၊ ဦးမင်းမော်ဝင်းထိန်၏ဇနီး၊ ဒေါ်ခင်ငြိမ်းရီ (ဗဟန်း ကျန်းမာရေးဌာန-ငြိမ်း)၊ ဦးမြဝင်း-ဒေါ်မြင့်ကြည်၊ ဦးမြမင်း-ဒေါ်မြင့်လှိုင်၊ ဦးညီ-ဒေါ်ထွေးထွေး၊ ဦးညွန့်အေး-ဒေါ်ခင်ခင်နိုင်၊ ဒေါ်သင်းသင်းလှိုင်၊ ဦးဝင်းမြင့်-ဒေါ်ဝင့်ဝင့်လှိုင်၊ ဦးအောင်အောင်-ဒေါ်ခင်သီတာအောင်၊ ဦးစိုးလွင်-ဒေါ်မင်းမင်းလှိုင်တို့၏တူမ၊ မရတနာမိုး (Innovative Global Wave Technology)၏ အစ်မ၊ မဝင်းလဲ့ရွှေရည် (Grade-7၊ ထ-၂၊ တာမွေ)၊ မလဝန်းမမတို့၏ ချစ်လှစွာသောမိခင် မသီရိသက်ခိုင်သည် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးရန်အေး(ဆယ်ရွာ) အသက်(၈၂)

(ဦးစံဦး-ဒေါ်စော)တို့၏သား၊(ဦးဘစိန်-ဒေါ်သဲညွန့်)တို့၏သားသမက်၊(ဦးရန်လင်း-ဒေါ်ခင်စန်းလှ)တို့၏အစ်ကို ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက်(၁၁)လမ်း၊အမှတ်(၆၆၅)နေ ဦးမောင်စံ-ဒေါ်စိန်လှ၊ဒေါ်တင်တင်(အထက-၁၊ သင်္ဃန်းကျွန်း)၊ဦးစိန်သန်း-ဒေါ်ခင်ခင်(အထက-၂ တွံတေး)၊ ဒေါ်လှမြင့်(အထက-၁၊ တောင်ဥက္ကလာပ)၊ ဦးစိုးနိုင်-ဒေါ်အေးအေး၊ ဦးသိန်းနိုင်-ဒေါ်ငွေငွေနိုင်၊ ဦးမင်းလွင်-ဒေါ်ခင်ခင်လတ်၊ ဦးလှမျိုးတို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ပို၏ခင်ပွန်းသည်၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄ (အင်္ဂါနေ့)၊ မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဦးစံပု(ခ)ဦးအင်စိန် အသက်(၆၄)နှစ်

(ပလောက်/ပြင်ဘုကြီး)

အသင်းဝင်အမှတ်-၂၀၂၀

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလောက်မြို့နေ ဒေါ်ရှုအင်၏ ခင်ပွန်းသည် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပလောက်မြို့သုသာန်၌ သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

မသီရိသက်နိုင် (၃၄)နှစ်

အမှတ်(၉၄)၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးစိန်လှိုင်)-ဒေါ်အေးသိန်းတို့၏မြေး၊ ဦးစိုးနိုင် (အကြံပေး သိန်းကျော်ကျော် Co., Ltd) (မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်၊ တာမွေ)-ဒေါ်နှင်းတို့၏သမီး၊ (ဦးဝင်းထိန်)-ဒေါ်ကျော့ကျော့တင်တို့၏သမီးချွေးမ၊ ဦးမင်းမော်ဝင်းထိန်၏ဇနီး၊ မရတနာမိုး (Innovative Global Wave Technology)၏ အစ်မ၊ မဝင်းလဲ့ရွှေရည် (Grade-7၊ ထ-၂၊ တာမွေ)၊ မလဝန်းမမတို့၏မိခင်သည် ၆-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်စု(ပုသိမ်)

အသက်(၈၅)နှစ်

တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)သာသနာရေးဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၁၉)နေ ဦးတင်အောင် (အထွေထွေမန်နေဂျာ၊ မြန်မာ့ရေနံ-ငြိမ်း)၏ဇနီး၊ ကိုစန်းအောင်၊ မညွန့်ညွန့်စိန်(USA)၊ ကိုမျိုးသူရိန်၊ မဆွေဆွေအောင်တို့၏ မိခင်ကြီးသည် ၆-၄-၂၀၁၄ရက် ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၇-၄-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [၁၂-၄-၂၀၁၄ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း၊ရေတွင်း၊ရေကန်၊လမ်း၊တံတားဒါယကာကြီး

ဦးရွှေ (၈၃)နှစ်

မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန်နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ ဒုဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်း ပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော်စိန်ရွှေ ရတနာဆိုင်၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)နေ (ဦးလိုင်စိန်-ဒေါ်ချစ်) တို့၏သားထွေး၊ (ဦးဘွန်ဆန်း-ဒေါ်ကျင်စု)တို့၏မောင်၊ ဦးခင်ကျော်-ဒေါ်ကျင်နုတို့၏ညီ၊ ဦးမောင်မောင်ကြီး-ဒေါ်တင်တင်မွေး၊ ဦးအောင်ကျော်ဦး-ဒေါ်နန်းစံဟွမ်ဆိုင်၊ ဒေါ်ယဉ်ယဉ်မွေး၊ ဦးကျော်လင်း-ဒေါက်တာဥမ္မာနု၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၄(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၄(စနေနေ့) နံနက်၇နာရီမှ၁၁နာရီအထိ ရန်ကုန်မြို့၊ ဗဟန်း မြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း၊ရေတွင်း၊ရေကန်၊လမ်း၊တံတားဒါယကာကြီး

ဦးရွှေ (၈၃)နှစ်

မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန်နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ ဒုဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်း ပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော်စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)နေ (ဦးလိုင်စိန်-ဒေါ်ချစ်)တို့၏သားထွေး၊ (ဦးဘွန်ဆန်း-ဒေါ်ကျင်စု)တို့၏မောင်၊ ဦးခင်ကျော်-ဒေါ်ကျင်နုတို့၏ညီ၊ ဦးမောင်မောင်ကြီး-ဒေါ်တင်တင်မွေး၊ ဦးအောင်ကျော်ဦး-ဒေါ်နန်းစံဟွမ်ဆိုင်၊ ဒေါ်ယဉ်ယဉ်မွေး၊ ဦးကျော်လင်း-ဒေါက်တာဥမ္မာနု၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ကိုသီဟလင်း @ Mike Chai၊ကိုဟိန်းထက်ဇော် @ Justin Chai၊ ကိုထက်လင်းအောင် @ Henry Chai၊ မိုးမိုးကျော်ဦးခင် @ Cindy Huang၊ ပိုးပိုးကျော်ဦးခင် @ Monica Huang၊ ရဲဇော်ဦး @ William Huang၊ ခင်မီမီဇင် @ April၊ ခင်မီမီဝင်း @ Rose၊ အောင်ထွန်းလင်း @ Andrew Huang၊ ပြည့်ဖြိုးလင်း @ Patrick Huang၊ သက်ရတနာကျော်ဝင်း @ Grace Wanတို့၏ ချစ်လှစွာသောအဘိုးသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) ည၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၄(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၄(စနေနေ့) နံနက်၇နာရီမှ၁၁နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ်(၁၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစန်ဒင် အသက်(၈၀)

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကထိက/ဌာနမှူး(ငြိမ်း)၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်

အမှတ်(၈)၊ ဒေါနလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးအက်ဒဝပ်ဒင်-ဒေါ်သိန်းညွန့်)တို့၏ သားကြီး၊ (သိက္ခာတော်ရဆရာ ဦးစောဘဲလေ-နော်ဒါးဝါး)တို့၏ သားသမက်၊ ဒေါ်ကေးရာ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးညွန့်ဒင်(ငြိမ်း)-(ဒေါ်ကြူကြူ)၊ ဒေါ်တိုးတိုးမေ-ဦးမြင့်ထွန်း၊ ဦးလှဒင်-ဒေါ်ခင်မြလေး၊ ဦးထွေးဒင်-ဒေါ်ခင်စောမူတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်မီမီဒင် (YANGON ACADEMY)-ဦးဉာဏ်မင်းဒင်(SANTA MARIA TRAVELS & TOURS)၊ ဦးစောနစ်ကီဒင်-ဒေါ်သီတာဖိုးရိမ်(ခေတ္တ-AUSTRALIA)၊ ဦးစောစီဒင်-ဒေါ်မာလာ၊ ဒေါ်မီနီဒင်-ဦးစောဒါးဝိလေး(JSM Shipping)၊ ဒေါ်ချိုလေးမာဒင်-ဦးရဲမြတ်ကျော်(HANTHA WADDY RE STAURANT)တို့၏ ချစ်လှစွာသောဖခင်၊ မအိမ့်မီမင်းဒင်၊ ဆက်တည်မင်းဒင်၊ SARAH ANN DIN ၊ ဆုမွန်ဒင်၊ စောပြည့်ဖြိုးဒင်၊ နော်ဝတ်ရည်လေး၊ စောဗညားလေး၊ အေးမင်းမြတ်ဒင်၊ ရဲမင်းမြတ်ဒင်၊ မထွေးလေးတို့၏ ချစ်လှစွာသောအဘိုး ဦးစန်ဒင်သည် ၇-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်မြင့် အသက်(၈၀)

မြန်မာ့လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ်(၂၃၁)နေ (ဦးဘိုးမောင်-ဒေါ်သိန်းရင်)တို့၏သမီး၊ ဦးသန်းထွန်း-ဒေါ်အေးမေတို့၏အစ်မ၊ ဦးသင်းလှိုင်(ဒု-ညွှန်မှူး-ဗဟိုစာရင်းရုံး-ငြိမ်း)၏ဇနီး၊ ကိုအောင်ကိုဦး (Suzuki Kiden Japan Co.,Ltd.)-မမိုးမိုးလှိုင်(ဇင်ယော်ဇာဘော်လီ၊လှည်းတန်းဈေး)၊ မစိုးစိုးလှိုင်(ဇင်ယော်ဇာဘော်လီ၊လှည်းတန်းဈေး)၊ မောင်မင်းမင်းလှိုင်(Moon Jin Shipping Co.,Ltd.)-မမီမီဇော်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မရွှန်းလဲ့မေ (Grade-8၊ အထက-၂၊စမ်းချောင်း)၊ မဆုနိုဘယ်(လ်)အောင်(Grade-1 Future Kidz International School)၊ မမေသံသာစံ(Amazing Baby School) တို့၏အဘွား ဒေါ်တင်မြင့်သည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်ပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဦးညဏ်ထွန်း အာဆီယံ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ် ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ထွက်ခွာ

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးမော်သာထွေး၊ ဒေါက်တာသန်းအောင်၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ဒုတိယသမ္မတနှင့်အဖွဲ့သည် တရုတ်နိုင်ငံတွင် အာဆီယံ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးနှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မန္တလေး သကြၤန်အထူးရထား အစုန်၊ အဆန် နှစ်စင်းစီပြေးဆွဲမည်

စာမျက်နှာ - ၃

မိုးညှင်းခရိုင်အတွင်း သန်းခေါင်စာရင်း ကောက်ယူ၍မရသော ကျေးရွာတစ်ရွာ၌ စာရင်းကောက်ယူနိုင်ပြီ

စာမျက်နှာ - ၉

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၇

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ(NCCT)တို့၏ ဆွေးနွေးပွဲတတိယနေ့အဖြစ် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတွင် အခန်း(၇)ခန်းရှိသည့်အနက် အခန်း(၅)ခန်းကို ယနေ့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ဆွေးနွေးခဲ့ကြသည်။ (အောက်ပုံ)

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၇

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် ကြေးမုံသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် မြန်မာ့အလင်းသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

မေ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် The New Light of Myanmar သတင်းစာ ခေတ္တနားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေမည့် သဲဖြူရိုးတံတား ဖွင့်လှစ်

ထက်ခိုင်(စမ်းချောင်း)

ရန်ကုန် မေ ၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ ကူးသန်းသွားလာမှုလွယ်ကူစေမည့် သဲဖြူရိုးတံတားကို စတင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ထိုတံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအရ နိုင်ငံတော်အပိုင်းက ငွေကျပ် ၃၈ သိန်းခွဲပံ့ပိုးပေးပြီး ဒေသခံများက ကျပ် ၃၈ သိန်းခွဲ စိုက်ထုတ်၍ စုစုပေါင်းကျပ် ၇၇ သိန်းကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားဖွင့်ပွဲအခမ်းအနားကို ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စုရှိ လှည်းဆိပ်ကျေးရွာ၌ မေ ၆ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့အပါအဝင် ဒေသဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါတံတားဖွင့်လှစ်နိုင်ခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ အပင်နှစ်ဆယ်ကျေးရွာ၊ စစ်ပင်ကြီးကျေးရွာ၊ ကျီးတောကြီးကျေးရွာ၊ မဏ္ဍိုင်ကျေးရွာ၊ သဇင်လှကျေးရွာတို့မှ လှည်းဆိပ်ကျေးရွာသို့ အလွယ်တကူ ဖြတ်သန်းရောက်ရှိလာနိုင်မှာဖြစ်ပြီး ဒေသထွက်ကုန်များကို ကျောင်းကုန်းမြို့မှတစ်ဆင့် ပုသိမ်၊ ရန်ကုန်အစရှိသည့် မြို့ကြီးများသို့ ပို့ဆောင်ပေးနိုင်ကာ ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

"ဒီတံတားကြောင့် အနီးအနားက ရွာတွေအတွက် အများကြီးအကျိုးရှိစေခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာနဲ့အမျှ ကုန်စည်တွေကို အချိန်နဲ့ တစ်ပြေးညီ တင်ပို့ရောင်းချတာတွေ လုပ်နိုင်မှာဖြစ်တဲ့အတွက် ဒေသခံတွေရဲ့ လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အစရှိတဲ့ ဒေသဖွံ့ဖြိုးမှုကို ဖြစ်စေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းက ရှင်းပြသည်။

အဆိုပါ သဲဖြူရိုးတံတားသည် အလျား ပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့် ၈ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောက်လုပ်ကာ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးစီးသွားခဲ့ခြင်းဖြစ်သည်။

ထိုဒေသတစ်ဝိုက်သည် ဆန်စပါး၊ ကောက်ပဲသီးနှံစိုက်ပျိုးမှုများ၊ သားငါးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ယခင်က ဒေသထွက်ကုန်များကို ဒေသခံအဝယ်ဒိုင်များသို့ ဈေးနှိမ်ခံ၍ ရောင်းချရသော အခြေအနေမှ ယခုအခါ မြို့ပြဈေးကွက်များအထိ အရောက်တင်ပို့၍ ရသင့်ရထိုက်သော အကျိုးအမြတ်များလည်း ရရှိလာစေနိုင်မှာဖြစ်ကြောင်း ဒေသခံများထံက သိရသည်။



ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ဆောင်ရွက်မည့် အောက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဝန်ထမ်းအိမ်ရာ၊ စက်မှုအလုပ်ရုံနှင့် လူနေရပ်ကွက်အကြား အရှည်(၁၉၂၃)ပေ၊ အမြင့် (၆. ၆)ပေရှိ (၉''× ၉'')သံကူကွန်ကရစ်တိုင်ပါ အုတ်ခြံစည်းရိုး ပြုလုပ်ခြင်း၊

(ခ) ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်

(၁) စက်ရုံဝင်းအတွင်း ၆''ထု Concrete Car Parking ပြုလုပ်ခြင်း

(၂) စက်ရုံအဝင်ဂိတ်တံခါးအတွက် ၁၄''×၁၄''ကွန်ကရစ်တိုင်ပြုလုပ်ခြင်းနှင့် (၃၀'×၈')သံပန်းတံခါး(Slide door)တပ်ဆင်ခြင်း

(၃) (၃၅'×၂'×၄ ၁/၂')ရှိ အုတ်ရေမြောင်းပြုလုပ်ခြင်း

(၄) (၂၀'×၁၅')ရှိ Forklift မောင်းရန် လမ်းခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗီသုကာပုံစံများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်အလက်များကို ၄-၄-၂၀၁၄ရက်မှ ၁၁-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၅-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၁-၆၄၅၇၃၁၊ ၀၁-၅၄၂၆၉၅တို့ထံ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃

တင်ဒါတင်သွင်းရန်လိပ်စာ

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန။ ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁

ဈေးပြိုင်အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့မှ အောက်ဖော်ပြပါ မော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Pajero Mitsubishi Model 2005	(၁)စီး
(ခ)	Toyota Surf Model 2005	(၆)စီး
(ဂ)	Toyota Double Cab Model 2005	(၆)စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ၂၂-၄-၂၀၁၄ ရက်မှ ၈-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ထံလိပ်မူ၍ ၈-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီထက် နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၉-၅-၂၀၁၄ ရက် ၁၅း၀၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၉-၂၃၅၅၆၊ ၀၅၉-၂၃၆၀၇၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၁၊ ၀၅၉-၂၃၆၀၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁

ဈေးပြိုင်အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ရုံးအမည်	လုပ်ငန်းအမည်
(က)	တိုင်းဒေသကြီးရုံး	နိုင်ငံတော်အဆင့်ဧည့်ရိပ်သာဆောက်လုပ်ခြင်း
(ခ)	ထားဝယ်မြို့နယ်ရုံး	(၆) ခန်းတွဲဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ခြင်း
(ဂ)	ကော့သောင်းခရိုင်ရုံး	(၆) ခန်းတွဲဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ခြင်း
(ဃ)	ကော့သောင်းခရိုင်ရုံး	ခရိုင်ရုံးအသစ် ဆောက်လုပ်ခြင်း

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ၂၂-၄-၂၀၁၄ ရက်မှ ၈-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင် အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ထံ လိပ်မူ၍ ၈-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီထက် နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၉-၅-၂၀၁၄ ရက် ၁၅း၀၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၉-၂၃၅၅၆၊ ၀၅၉-၂၃၆၀၇၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၁၊ ၀၅၉-၂၃၆၀၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

ဂျူလီယာ(JULIA)
ပညာဒါနစက်ချုပ်သင်တန်းအမှတ်စဉ်(၈)
သင်တန်းသားများခေါ်ယူခြင်း
(အမျိုးသမီးသီးသန့်)

စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကိုအခြေခံစက်နင်းမှ အစပြု၍ ထဘီ၊ ချိပ်ထဘီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်းအမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့်ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူမည်သူမဆို လူမျိုးဘာသာမရွေးတက်ရောက်နိုင်ပါသည်။

တန်းခွဲများ

တန်းခွဲ(A)	-	စနေ၊ တနင်္ဂနွေ	-	နံနက် (7:00) နာရီမှ (9:00) နာရီထိ
တန်းခွဲ(B)	-	စနေ၊ တနင်္ဂနွေ	-	နံနက် (10:00) နာရီမှ (12:00) နာရီထိ
တန်းခွဲ(C)	-	စနေ၊ တနင်္ဂနွေ	-	မွန်းလွဲ (1:00) နာရီမှ (3:00) နာရီထိ
တန်းခွဲ(D)	-	စနေ၊ တနင်္ဂနွေ	-	ညနေ (4:00) နာရီမှ (6:00) နာရီထိ

- ၁၀-၅-၂၀၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်။
- တစ်ပတ် (၂) ရက် (၃) လပြတ်
- လူဦးရေကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံ ယူဆောင်လာ၍ အောက်ပါလိပ်စာအတိုင်း ၉-၅-၂၀၁၄ ရက် နောက်ဆုံးထား၍ နံနက်စနာရီမှ ည ၈ နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင်ဆင်းပါ) ဖုန်း-၀၉၅၀၅၈၇၆၇
- သင်တန်းခွဲ၊ နေရာခွဲများ လုံးဝမရှိပါ။

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC) နှင့်
MPDC [Assumption University(ABAC) Myanmar Offshore Office]
တို့ပူးပေါင်း၍ ဖွင့်လှစ်သော
Certificate in Marketing Management(CMM)
အမှတ်စဉ်(၄)သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center-MPDC@Assumption University(ABAC) Myanmar Offshore Office တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများလျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၄ခုနှစ်၊ မေလ ၅ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက် သင်ယူနိုင်ပြီး Assumption University of Thailand နှင့်ချိတ်ဆက်ထားသော Bachelor of Business Administration(BBA)ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။

၅။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့် မိတ္တူ ၂ စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ ၂ စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင် MPDC ရုံးခန်း) ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁

ကွန်ဒိုတိုက်ခန်းငှားမည်

Junction မော်တင် တာဝါ

1300 sq.ft

ပရိဘောဂပါ၊

air con 3 လုံးပါ

2 MBR, 1BR

ဖုန်း-၀၉-၂၀၅၅၉၄၀၊
၀၉-၂၀၁၉၃၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃E၁၊ မြေကွက်အမှတ်(V̲-၁၄၉)၊ မြေကွက်တည်နေရာ-၄၁၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ (ဒေါ်အေးအေး) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်အေးအေး၏ SP-၇၃၄၈/၃-၅-၁၁ ရရှိသူ ဦးထွန်းကျော်ဦး[၈/မဘန(နိုင်)၀၇၆၀၅၉] မှ မှတ်ပုံတင်မိတ္တူ၊ မြေခွန်ပြေစာမိတ္တူ၊ SP မိတ္တူ၊ ကျမ်းကျိန်လွှာ၊ ဂရန်မိတ္တူတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း အမှတ်စဉ်(၁၀/၁၄)
Diploma in Teacher Education Competency Training
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း အမှတ်စဉ် (၁၀/၁၄) သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘ (၂)ဦးလုံး ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် အသက် (၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(င) စေလွှတ်သည့် ပညာရေးကောလိပ်သို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်)ဘွဲ့ရကြောင်းထောက်ခံစာနှင့် မွေးသက္ကရာဇ် အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

၄။ ဝန်းထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ၊ အမှုထမ်းစာအုပ်နှင့် ဌာနခွင့်ပြုချက်**တို့ကိုပါ ပူးတွဲတင်ပြရမည်။ ဝန်ထမ်းများသည် လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

၅။ သင်တန်းကာလမှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှ ၂၀၁၅ ခုနှစ်၊ ဩဂုလလယ်အထိ ဖြစ်ပါသည်။ သင်တန်းကြေးအဖြစ် တစ်လလျှင် ငွေကျပ် (၁၅၀၀) ပေးသွင်းရပါမည်။

၆။ သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာလက်မှတ် (Diploma in Teacher Education Competency) ချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၇။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် အခြေခံပညာဦးစီးဌာနများအလိုက် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်စာစစ်ဌာနဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများ၌ စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရသူများသည် သက်ဆိုင်ရာ ပညာရေးကောလိပ်သို့ ရောက်ရှိချိန်တွင် ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် သွင်ပြင်လက္ခဏာ အင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးခံရမည်ဖြစ်ပါသည်။ ဆရာတစ်ဦး၏ အင်္ဂါရပ်အရည်အချင်းနှင့် ပြည့်စုံမှုမရှိဟု သတ်မှတ်ခံရပါက သင်တန်းတက်ရောက်ခွင့်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးရန် လာရောက်သောအခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်း၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မူရင်းနှင့် ကျန်းမာကြောင်း ဆေးထောက်ခံစာမူရင်းတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း အမျိုးသမီးများသည် နေ့စဉ် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းလက်တွေ့လုပ်ရှားရပါသဖြင့် ကိုယ်ဝန်ဆောင်ခြင်း မရှိစေရပါ။

၉။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာ (၃)စုံတွင် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ [မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်နှင့် ဓာတ်ပုံ(၁)ပုံနှင့် မျက်မှန်မပါ ဓာတ်ပုံ (၁)ပုံ] တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများသို့ ၂၀၁၄ ခုနှစ်၊ မေလ ၉ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ကိုကိုတင်
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဧပြီလ ၇ ရက်

၂၀၁၄-၂၀၁၅ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း
အမှတ်စဉ်(၁၀/၁၄)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်----------------------------- ခုနှစ်------------------လ ------------ ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုနှစ်၊---------------------- ခုံအမှတ်------------------------------
စာစစ်ဌာနနှင့်တိုင်းဒေသကြီး/ပြည်နယ် ---
၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ---
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့် ခုနှစ် ---
၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်း ရှိ/မရှိ ---
ရှိပါကသင်တန်းအမည် ---
၆။ အိမ်ထောင် ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည် --နှင့်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --
၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ---

လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ -----------လ----------ရက်



စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ငှားရမ်းရေးတင်ဒါအောင်မြင်သူစာရင်းအသိပေးကြေညာခြင်း

၁။ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်(၁၅)ဆိုင်ကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးအား ၁၈-၃-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီတွင် တင်ဒါဖွင့်ဖောက်ပွဲအား တင်ဒါတင်သွင်းသူများ၏ ရှေ့၌ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားသည့် ဝင်းသူဇာအရောင်းဆိုင်(၁၅)ဆိုင်အနက် (၃)ဆိုင်မှာ အဆိုပြုလွှာတင်သွင်းသူ မရှိခြင်းကြောင့် တင်ဒါအောင်မြင်သော ဝင်းသူဇာအရောင်းဆိုင် (၁၂)ဆိုင်ဖြစ်ပါသည်။

၃။ အဆိုပါ တင်ဒါအောင်မြင်သော ဝင်းသူဇာအရောင်းဆိုင်(၁၂)ဆိုင်၏ တင်ဒါအောင်မြင်သူအမည်နှင့် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်သါည်-

စဉ်	ဝင်းသူဇာဆိုင်အမည်	တင်ဒါအောင်မြင်သူအမည်	တစ်လငှားရမ်းခ နှုန်းထား(ကျပ်)
(က)	မြောက်ဦး	ဒေါ်ခင်သန်းနု	၆၆၆၀၀၀
(ခ)	မြောက်ဒဂုံ	ဦးမောင်မောင်ဦး	၂၁၆၅၅၀၀၀
(ဂ)	မြို့မဈေး	ဒေါ်နွဲ့နွဲ့ဝင်း	၁၈၀၇၀၀၀
(ဃ)	ပုလဲ	ဦးသန်းဇော်	၁၈၀၀၀၀
(င)	ကျောက်ထု	ဦးအေးဝင်း	၁၂၅၀၀၀
(စ)	ပဒါန်း	ဒေါ်ခင်နှင်းညို	၂၀၀၀၀၀
(ဆ)	ကလေး	ဦးဌေးအောင်	၆၅၁၀၀၀
(ဇ)	ဟုမ္မလင်း	ဦးငြိမ်းအောင်	၃၅၀၀၀၀
(ဈ)	ဆိပ်ဖြူ	ဦးသန်းနိုင်စိုး	၁၅၀၀၀၀
(ည)	ပန်းဆိုးတန်း	ဒေါ်အေးဟေမာန်စိုး	၈၇၃၀၀၀၀
(ဋ)	ပဲခူး-၂	ဒေါက်တာကျော်နန္ဒ	၂၁၀၀၀၀၀
(ဌ)	သပြေကုန်း	ဦးဇင်မင်းပို	၃၀၀၀၀၀

၄။ တင်ဒါအောင်မြင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ငှားရမ်းစာချုပ် ချုပ်ဆိုနိုင်ရေး သက်ဆိုင်ရာဦးစီး/ စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်။

စက်မှုညွှန်ကြားရေးဦးစီးဌာန၊ လုပ်ငန်းများကြီးကြပ်ရေးဌာန
ဖုန်း-၀၆၇-၄၀၈၁၉၆၊ ၀၆၇-၄၀၈၁၃၉

စက်မှုညွှန်ကြားရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၅၃/၁၅၇) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၄)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ပထမထပ်၊ လက်ဝဲဘက်လှေကား၊ လက်ယာဘက်အိမ်ခန်း၊ (၁၂. ၅ပေ× ပေ၆၀)အကျယ်ရှိ လူနေတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဦးမြမင်း[၁၂/ရကန(နိုင်)၀၆၂၀၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထိုက်စိုး (LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၃၀၁၁)
အမှတ်(၈၃/၁၂)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၅၆၈၆၅၊ ၀၁-၃၇၇၈၇၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၃၁/က)၊ မြေကွက်တည်နေရာအမှတ်(၁၃၃၁/က)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (အရာခံဗိုလ်စိုးလွင်-ငြိမ်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အရာခံဗိုလ်စိုးလွင်(ငြိမ်း) ကွယ်လွန်သဖြင့် ဒေါ်မြမြဝေ[၁၂/ဥကတ(နိုင်)၀၆၈၀၁၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၇၅၆(၂၅-၁၁-၂၀၁၃)ဖြင့် GP ဦးအောင်လွင် [၁၂/မရက(နိုင်)၀၁၆၉၉၀]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၆၇၃(၂၀-၁-၂၀၁၄)ကိုတင်ပြ၍မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အထူးကျေးဇူးတင်လွှာ

